မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ဆောက်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၉၈)

ကတညုတာ တော် မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နေပြည်တော်မဟာသင်္ကြန်
Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ
ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁၄

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့(သင်္ကြန်ပထမအကြတ်နေ့) နံနက်ပိုင်းတွင် နေပြည်တော်ရှိ နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ်နှင့်တိုင်းများနှင့် ဂေါက်ကလပ်အသင်းများ အပါအဝင် ပြိုင်ပွဲဝင် ၂၆ သင်းတို့မှ အားကစားသမား ၁၅၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

နေပြည်တော်ဂေါက်ကွင်း၌ ဒုတိယနေ့ပွဲစဉ်များကို နံနက် ၅ နာရီခွဲတွင် စတင်ကျင်းပရာ ရန်ကုန်တိုင်းအသင်း၊ ပြည်ထဲရေး(က)အသင်း၊ မန္တလေးရွှေမန်းတောင်ကလပ်အသင်း၊ ပဲခူး(အရှေ့)အသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ ကချင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းအသင်းနှင့် စီးပွား/ကူးသန်းအသင်း စုစုပေါင်း အသင်း ရှစ်သင်းတို့မှ အားကစားသမား ၄၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၃* ✳



Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပရာ အားကစားသမားတစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

မေတ္တာသင်္ကြန်

စုဋသင်္ကြန်၊ မဟာသင်္ကြန်နှင့် မေတ္တာသင်္ကြန်ဟူသော သင်္ကြန်သုံးမျိုး အနက် မေတ္တာသင်္ကြန်အကြောင်း ဖွင့်ဆိုချင်ပါသည်။

သင်္ကြန်၏သင်္ကေတ အေးမြကြည်လင်သောရေကို ဖော်ညွှန်းခြင်း၏ အနှစ်သာရမှာ ရင်ထဲက မေတ္တာရေကိုပါ ခပ်ယူဖျန်းပက်နိုင်ခြင်းဖြင့်သာ ပြီးပြည့်စုံနိုင်ပါသည်။ ရင်ထဲမှ မေတ္တာရေကို ခပ်ယူ မဖျန်းပက်နိုင်ပါက သင်္ကြန်၏သင်္ကေတသည် မပျက်သော်လည်း မပြည့်နိုင်ပါ။

ယခုအခါ သင်္ကြန်ကာလ၏ ရှေ့/နောက်ရက်များအပါအဝင် ၁၀ ရက်တိတိကာလပတ်လုံးကို နိုင်ငံတော်အစိုးရက ဝန်ထမ်းများအပေါ် ရင်ထဲမှမေတ္တာရေကို ခပ်ယူဖျန်းပက်ပေးသည့်အလား အလုပ်နားရက်များအဖြစ် သတ်မှတ်ပေးထားပြီးဖြစ်ရာ ယင်းကာလတစ်လျှောက်လုံး ဝန်ထမ်းများအပါအဝင် တိုင်းသူပြည်သားအားလုံးတို့က မိမိတို့၏ရင်ထဲမှ မေတ္တာရေကို တစ်နိုင်ငံလုံးအပေါ်၊ တစ်ကမ္ဘာလုံးအပေါ်၊ စကြဝဠာအနန္တအပေါ်၊ သတ္တဝါအနန္တအပေါ် ခြုံလွှမ်းပက်ဖျန်းနိုင်ဖို့ ကြိုးစားအားထုတ်သင့်ကြပါသည်။

ဤတွင် ပထမဦးစွာ မိမိကိုယ်မိမိ မေးရမည့်မေးခွန်းမှာ မိမိရင်ထဲဝယ် မေတ္တာရေ အဘယ်မျှပြည့်လျှံနေသနည်းဟုဖြစ်၏။ မိမိသည် မိမိကိုယ်မိမိ အဘယ်မျှ ကျေနပ်မှုရနေပါသနည်း၊ မိမိ မိသားစုအပေါ် မိမိ အဘယ်မျှ ကျေနပ်မှုရနေပါသနည်း၊ မိမိဝန်းကျင်အပေါ်၊ မိမိနိုင်ငံအပေါ်အထိ ဖြည်းဖြည်းချင်းချဲ့ကာ ချဲ့ကာ မေးခွန်းတွေထုတ်နေရပါမည်။ ကျေနပ်ခြင်းသည် မေတ္တာ၏အရိပ်အရောင်ဖြစ်ရကား ကျေကျေနပ်နပ် ရှိနေမှသာ မေတ္တာရေက တသွင်သွင်စိမ့်စီးနိုင်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါး အညွှန်း

❒ နှစ်ဆန်းငယ်သင်္ကြန် သစ်သစ်သာဖန်တော့ ရွှေဘိုသီရိမာလာ၏ဆောင်းပါး စာ - ၁၀

❒ အင်္ဂါဂြိုဟ်ပေါ်၌ ဂြိုဟ်သားများနေထိုင်ခဲ့ သက်သေအထောက်အထား အခိုင်အမာတွေ့ရှိ အာကာသသိပ္ပံ စာ - ၅



❒ အာရှဒေသသည် ကမ္ဘာ့အတိုးတက်ဆုံးဒေသဖြစ် နိုင်ငံတကာသတင်း စာ - ၆

❒ ဖာဂူဆန်နဲ့ ရီကတ်တို့ စီးချင်းထိုးကြမယ့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ကမ္ဘာတစ်လွှားအားကစား စာ - ၇

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

15-4 (01) .pmd 1 4/15/2008, 12:59 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၁၅ ရက်)

မျက်စိဝေဒနာရှင်များ အမြင်အာရုံရရှိရေး စေတနာရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်

သက်ရှိလူသားများအတွက် စက္ခုအမြင်အာရုံသည် လွန်စွာအရေးပါလျက်ရှိသည်။ ယခုအခါ ကမ္ဘာပေါ်တွင် မျက်စိမမြင်သူ ၄၅သန်းကျော်ရှိသည်။ မျက်စိမမြင်သူများအား အလင်းရရှိရေး ဖော်ဆောင်ပေးခြင်းသည် မွန်မြတ်သောလုပ်ငန်းတစ်ရပ် ဖြစ်သည်။

နိုင်ငံတော်က လူတိုင်းသက်တမ်းစေ့နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်များနှင့်အညီ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနေသည်။

ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် မျက်စိအထူးကုဆရာဝန်များ၊ အထူးကုသူနာပြုများ၊ မျက်မှန်ကျွမ်းကျင်သူများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ မျက်မမြင်သူများအနက် ကာကွယ်ကုသ၍ ရနိုင်သူများအား အမြင်ပြန်လည်ရရှိစေရေးအတွက် ကာကွယ်ကုသမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိသည်။

ယခင်က မြန်မာနိုင်ငံအလယ်ပိုင်း၌ အဖြစ်များခဲ့သော မျက်ခမ်းစပ်ရောဂါသည် မျက်စိကွယ်စေသော အကြောင်းရင်းတစ်ရပ်အဖြစ် တွေ့ရသည်။ နိုင်ငံတစ်ဝန်း မျက်ခမ်းစပ်နှင့်မျက်မမြင် ပပျောက်ရေးအတွက် စီမံချက်များချမှတ်၍ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မျက်ခမ်းစပ်ရောဂါ ပပျောက်လုနီးပါး အခြေအနေအထိ ရောက်ရှိနေပြီဖြစ်သည်။

မျက်ခမ်းစပ်ရောဂါအပြင် မျက်စိကွယ်စေသော အဓိကရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်၊ အပြင်တိမ် ဖြစ်ပွားသူများကိုလည်း နှစ်စဉ်ခွဲစိတ်ကုသပေးလျက်ရှိသည်။ ယခုအခါ မျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့သည် နိုင်ငံတစ်ဝန်း မျက်စိဝေဒနာရှင်များကို လိုက်လံကုသပေးလျက်ရှိရာ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေးတို့မှ မျက်စိဝေဒနာရှင် ၂၈၆၂ဦးကို စမ်းသပ်ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်လူနာ ၄၁၁ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြသည်။ ထို့ပြင် စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ခွဲစိတ်ပြီး လူနာများအတွက် မျက်မှန်၊ ဆေးဝါးနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

မျက်စိမမြင်သူများအား အလင်းရရှိရေး ဖော်ဆောင်ပေးခြင်းသည် မွန်မြတ်သော လုပ်ငန်းတစ်ရပ်ဖြစ်ရာ နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မျက်စိနှစ်ကွင်း အလင်းရရှိရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၆) ရပ်ကွက် အောင်သုခလမ်း အမှတ် (၂၉)နေ ဦးကိုကိုလေး၊ ဒေါ်သန်းသန်းအေး၊ သမီးဝေမာဖြိုး၊ ပြုံးပန်းဖြိုး၊ သဥ္စာဝေဖြိုးမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့က လက်ခံယူသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့်အလှူရှင်များ အနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၅-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ မြန်မာသင်္ကြန်
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ မြန်မာသင်္ကြန်
- ၅:၂၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မြန်မာသင်္ကြန်
- ၆:၂၅ ၁၄။ ဝတ်စားဆင်ယင် လှစေချင်
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ** (အပိုင်း-၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသ သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၁)

မကွေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ဖွင့်ပွဲ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် တိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေ တက်ရောက်

နေပြည်တော် ဧပြီ ၁၄

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဧပြီ၁၂ရက် ညနေ ၆ နာရီခွဲက မကွေးတိုင်း မကွေးမြို့ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသော ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းနောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် တိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မဟာသင်္ကြန်မဏ္ဍပ်စင်မြင့်ပေါ်တွင် ဗဟိုမဏ္ဍပ်ယိမ်းအဖွဲ့နှင့် စင်မြင့်ရှေ့တွင် ဖွင့်ပွဲသို့ တက်ရောက်လာသော ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို၊ ညိုမြ၊ ရွှေမန်းမာလာစသော သင်္ကြန်သီချင်းများဖြင့် ညီညာပျော်ရွှင်စွာ ကပြဖျော်ဖြေကြသည်။

ယခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် မကွေးတိုင်း မကွေးမြို့၌ ရေကစားမဏ္ဍပ်၁၈ခုရှိပြီး ဆုပေးမဏ္ဍပ်လေးခုနှင့် အလှပြယာဉ်ခြောက်စီးတို့ဖြင့် မဟာသင်္ကြန်အကြိုနေ့မှစ၍ မဟာသင်္ကြန်အတက်နေ့အထိ ယှဉ်ပြိုင်ရင်း ရေကစားကြမည်ဖြစ်ကြောင်းနှင့် သင်္ကြန်အကြိုနေ့ညမှစ၍ ဆုပေးမဏ္ဍပ်များတွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက ပျော်ရွှင်စွာဖြင့် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၄-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	ဘုရားဖွင့်လာရခြင်း တရားတော် (အပိုင်း-၄) (ဆရာတော်အရှင်ပုညာနန္ဒ)
၈:၀၀-၂:၀၀	ရွှေထီးတော်တင် အလှူမင်္ဂလာမှသည် အပါယ်ခံရွာလေးရဲ့ အနာဂတ်လမ်းဆီသို့
၈:၂၅-၂:၂၅	ခါသင်္ကြန်အဆိုအက
၈:၃၅-၂:၃၅	Sunday Talk
၉:၃၀-၃:၃၀	ပြည်တွင်းသတင်း အကျဉ်း
၉:၄၀-၃:၄၀	Activities in the City
၉:၅၀-၃:၅၀	ခါသင်္ကြန်အဆိုအက
၁၀:၀၀-၄:၀၀	Biz Net
၁၀:၁၅-၄:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀-၄:၂၀	ရှေးမူလက်ရာ လေ့လာစရာ ဗိုလ်ဝင်နှင့်ရွှေဘတောင်တော်မှာ
၁၀:၃၀-၄:၃၀	ခါသင်္ကြန်အဆိုအက
၁၀:၃၅-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀	အရက်အန္တရာယ် (သိပ္ပံမှူးတင်)
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်း အကျဉ်း
၁၁:၁၀-၅:၁၀	ခါသင်္ကြန်အဆိုအက
၁၁:၂၀-၅:၂၀	သင်္ကြန်ပထမ အကြတ်နေ့မြင်ကွင်း
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်း အကျဉ်း
၁၁:၃၅-၅:၃၅	ခါသင်္ကြန်အဆိုအက
၁၁:၄၀-၅:၄၀	မေတ္တာကိုအခြေပြုသည့် ဦးတည်ရာလမ်းကြောင်း အစ(မင်းလှမြို့နယ်)
၁၂:၁၀-၆:၁၀	Music Gallery ခင်မောင်တိုး၏ ရွှင်လန်းချမ်းမြေ့ပါစေချင်
၁၂:၃၅-၆:၃၅	ရန့်သင်းမွှေး သင်္ကြန်ထမင်းအေးအေးလေး
၁၂:၄၅-၆:၄၅	ခါသင်္ကြန်အဆိုအက
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဦးတင်အေး-ဒေါ်တီတီစိုး တာမွေက ငွေကျပ်တစ်သိန်းငါးသောင်း၊ ကိုသန်းထွန်း၊ မစန်းစန်းမိုး၊ ကိုအောင်မြင့်မောင်နှမသုံးဦး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးမောင်လွမ်-ဒေါ်စန်းကြူမိသားစု ကမာရွတ်မြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဦးအောင်မြင့်-ဒေါ်မာမာ တာမွေက ငွေကျပ်တစ်သိန်း၊ ဦးအောင်မြင့်-ဒေါ်သန်းရွှေမိသားစု လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးထွန်းဝင်း-ဒေါ်ခင်စန်းကြူမိသားစု ပုလဲမြို့သစ် မင်္ဂလာဒုံက ငွေကျပ်တစ်သိန်း၊ ကိုလှိုင်ဝင်းကို-မခိုင်ဝင်းဝါမိသားစု သဃ်န်းကျွန်းက မင်္ဂလာနှစ်ပတ်လည်အလှူအဖြစ် ငွေကျပ်တစ်သိန်း၊ ဒေါက်တာအောင်မြင့်-ဒေါက်တာခင်ခင်စိန် ဟောင်ကောင်က ငွေကျပ်တစ်သိန်း၊ မင်္ဂလာဦးအလှူဖြစ် မောင်သူရချစ်-မစမ်းစမ်းအေး စင်ကာပူက ငွေကျပ်တစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းလှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဗဟိုရိရှစည်အိမ်ရာနေ မိခင်ကြီး ဒေါ်ညွန့်ညွန့်ရီ (မွေးနေ့အထိမ်းအမှတ်) ရည်စူး၍ ဦးကျော်စိုး-ဒေါ်စိမ်းမိသားစုက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

● အခြေခံဥပဒေ အတည်ပြုဖို့
မဲရုံသွား၍ မဲပေးစို့။

● ဘယ်သူခွဲခွဲ ဒို့မကွဲ
ပေးကြပါစို့ ထောက်ခံမဲ။

■ *ရှေ့ဖုံးမှ*

အရာရာအပေါ် မကျေနပ်ပါဆိုလျှင်တော့ ထိုသူ၏ရင်ထဲ နှလုံးသားသည် ဒေါမနဿဝေဒနာ နေတစ်ရာပူပြင်းနေပြီဖြစ်ရကား ခြောက်သွေ့မွန်းကျပ်ခြင်းကသာ ထိုသူကို စီးနင်းနေ၊ ဖိစီးနေတော့မည်ဖြစ်ပါသည်။

မကျေနပ်မှု၊ စဉ်းစားပါ။ ဘာကို မကျေနပ်တာလဲ၊ ဘာ့ကြောင့် မကျေနပ်တာလဲ။ မကျေနပ်တာက သူ့ကိုလား၊ ဒါမှမဟုတ် ကိုယ့်စိတ်ကိုလား။ သူ့ကိုဆိုလျှင် ဘာကြောင့်မကျေနပ်တာလဲ။ သူ့နေရာမှာ ကိုယ်နေကြည့်လျှင် အဖြေက ပြောင်းပြန် ဖြစ်မသွားနိုင်ဘူးလား။ သူ့နေရာမှာ ကိုယ်နေကြည့်လို့ ရလာတဲ့အဖြေကို ကိုယ်လက်ခံနိုင်သလား။ ကိုယ့်နေရာမှာ ကိုယ်နေလို့ မကျေနပ်ချက်အဖြေကို သူ့နေရာ ကိုယ်နေကြည့်လို့ ကျေနပ်ချက်အဖြေနဲ့ အစားထိုးနိုင်ပါပြီလား။

တကယ်တော့ တစ်လောကလုံးကို မြတ်ဗုဒ္ဓက **"သဗ္ဗေသင်္ခါရာ ဒုက္ခာ"**ဟုအမှန်အတိုင်း ညွှန်ပြထားပြီးဖြစ်၏။ ကိုယ်လည်း ကိုယ့်ဒုက္ခနှင့်ကိုယ်၊ သူလည်း သူ့ဒုက္ခနှင့်သူ။ ကိုယ်က ကိုယ့်ကိုသာ ဒုက္ခဟုခံစားပြီး သူ့အပေါ်မှာတော့ သုခဟုခံစားမိလိုက်လျှင် ယင်းသည်ပင် မောဟဖြစ်တော့သဖြင့် သူ့သုခအပေါ် မနာလိုမရှုဆိတ်ဖြစ်ပွားကာ သူ့ကို မကျေနပ်သလိုလိုနှင့် ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်ရင်း ဒုက္ခပေါ်ဒုက္ခဆင့်ပြီး ကျေနပ်ခွင့် အခွင့်အလမ်းအားလုံး ပျောက်ဆုံးသွားတော့မည်သာဖြစ်တော့၏။ ယင်းသည်ပင် ရင်ထဲရှိ မေတ္တာစမ်းရေအိုင် ကောသွားပြီး ဒေါသနေတစ်ရာပူပြင်းလာခြင်း မည်တော့၏။ ဒုက္ခသားတွေ ခဏတာဆုံစည်းကြခြင်းဟု အမှန်အတိုင်းသိမြင်နိုင်လျှင် ဒုက္ခသားအချင်းချင်း ကိုယ်ချင်းစာနာမေတ္တာရေ စိမ့်ထွက်လာနိုင်ပါသည်။ ယင်းကိုယ်ချင်းစာနာခြင်းဟူသော မေတ္တာရေ စိမ့်ထွက်လာရာမှ ထွက်အားပြင်းလာအောင် မပြတ်ခပ်ယူနေရပါမည်။

သတ္တဝါအားလုံးအပေါ် မကျေနပ် စိတ်နှလုံးမဝင်ဖို့၊ မကျေနပ်မျက်လုံးမဖွင့်ဖို့ မိမိကိုယ် မိမိ မေးခွန်းအထွေထွေမေးရင်း အဖြေမှန်ရှာနိုင်ခြင်းဖြင့် ကျေနပ်ခွင့် အခွင့်အလမ်းများပွင့်လန်းနေအောင် လုံးပန်းနေရပါမည်။

ကျေနပ်ခြင်းဟူသည် အမှန်တော့ **"သန္တုဋ္ဌီ ပရမံ ဓနံ ရောင့်ရဲတင်းတိမ်ခြင်းသည် မြတ်သောဥစ္စာနေ"**ဟူသော ဘုရားဟောဒေသနာအတိုင်း ရသမျှ၊ ရောင့်ရဲထိုက်သမျှ တင်းတိမ်တတ်ခြင်း ဖြစ်၏။ ဘဝပေးအခြေအနေအရ မိမိရောက်နေသည့်အဆင့်မှာ ရောင့်ရဲတင်းတိမ်စွာတည်ကာ သူလည်း သူ့အခြေအနေအရ အထက်အဆင့်(သို့မဟုတ်) အောက်အဆင့်မှာ တည်လျက်ရှိနေသည်ကို ကျေနပ်မှုပေးရင်းဖြင့်သာ အချိန်တန်လာသောအခါ လက်ရှိအဆင့်ထက် မြင့်သောအဆင့်သို့ တက်နိုင်မည့်အနေအထားတွေ မိမိကိုယ်တိုင် ရရှိလာပါလိမ့်မည်။ ယင်းသို့သော အတွေးအမြင်ကသာ ကျေနပ်ခွင့် အခွင့်အလမ်းကိုပေးပြီး ကျေနပ်ခြင်းကို အရင်းတည်မှသာ မေတ္တာစမ်းရေ စိမ့်ထွက်လျက် ဆက်၍ဆက်၍ မေတ္တာရေတံခွန်တသွန်သွန်စီးဖြိုးလာတော့မည် ဖြစ်ပါသည်။

ထို့ကြောင့် သင်္ကြန်ကာလ အေးမြကြည်လင်သောရေကို တစ်ဦးနှင့်တစ်ဦး ပက်ဖျန်းသကဲ့သို့ ရင်ထဲမှ မေတ္တာရေကိုပါ ခပ်ယူပက်ဖျန်းရင်း မေတ္တာသင်္ကြန်ကျ၍ သင်္ကြန်လွန်ကာလတစ်လျှောက်၌လည်း မေတ္တာရေ သွန်းလောင်းနေအပ်ကြပါကုန်သတည်း။ ။

ရတနာစည်ဆရာတော်(လှိုင်လင်)



ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရားလက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ်ပြုပြင်ပေးလေ့ရှိသည်။

ဓမ္မပဒ (၂၈)

* *ရှေ့ဖုံးမှ*

မြို့တော်ဂေါက်ကွင်း၌ ဒုတိယနေ့ ပွဲစဉ်များကို နံနက် ၅နာရီခွဲတွင် စတင်ကျင်းပရာ မန္တလေးတိုင်းအသင်း၊ နယ်စပ်/စည်ပင်အသင်း၊ လေတပ်ကလပ်အသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ပြည်ထဲရေး(ခ) အသင်း၊ တပ်မတော် (ကြည်း)အသင်း၊ မကွေးတိုင်းအသင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းနှင့် နေပြည်တော်တိုင်း (က) အသင်း စုစုပေါင်း အသင်းကိုးသင်းတို့မှ အားကစားသမား ၅၄ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ရေပြာဂေါက်ကွင်း၌ ဒုတိယနေ့ ပွဲစဉ်များကို နံနက် ၇နာရီတွင် စတင်ကျင်းပရာ သစ်တောရေးရာအသင်း၊ ကောင်းမြတ်ဂေါက်အသင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်း၊ ရေတပ်ကလပ်အသင်း၊ မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)အသင်း၊ ကယားပြည်နယ်အသင်း၊ နေပြည်တော်တိုင်း(ခ)အသင်းနှင့် ကရင်ပြည်နယ်အသင်း စုစုပေါင်း အသင်းကိုးသင်းတို့မှ အားကစားသမား ၅၄ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

နေပြည်တော် မဟာသင်္ကြန် **Tour Gold Cup** ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ်နှင့်တိုင်းများနှင့် ဂေါက်ကလပ်အသင်းများမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ရိုက်ချက်အကောင်းဆုံး

ယနေ့ပွဲစဉ်များအပြီးတွင် ရိုက်ချက်အကောင်းဆုံးအသင်းများမှာ သစ်တောရေးရာဝန်ကြီးဌာနအသင်းက ရိုက်ချက် ၂၈၈ချက်ဖြင့် ပထမ၊ ကောင်းမြတ် ဂေါက်အသင်းက ရိုက်ချက်၂၉၅ချက်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းက ရိုက်ချက် ၃၀၃ချက်ဖြင့် တတိယ၊ မန္တလေးတိုင်းအသင်းက ရိုက်ချက် ၃၀၄ချက်ဖြင့် စတုတ္ထ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက ရိုက်ချက် ၃၀၇ချက်ဖြင့် ပဉ္စမ အသီးသီးရပ်တည်လျက်ရှိကြသည်။

ရိုက်ချက်အကောင်းဆုံး တစ်ဦးချင်းအားကစားသမားများမှာ မျိုးမင်းအောင် (သစ်တောရေးရာ)က ရိုက်ချက် ၆၈ချက်ဖြင့် ပထမ၊ သိန်းဇော်မြင့်(ကောင်းမြတ်)နှင့် အောင်ဝင်း(သစ်တောရေးရာ)တို့က ရိုက်ချက် ၇၁ချက်စီဖြင့် ဒုတိယ၊ ကျော်သီဟ (ကောင်းမြတ်)နှင့် မျိုးဝင်းအောင်(မန္တလေးတိုင်း)တို့က ရိုက်ချက် ၇၂ချက်စီဖြင့် တတိယ၊ ဇော်ဝင်း (မွန်ပြည်နယ်)၊ အောင်ဇော်မိုး (ရှမ်းပြည်နယ်မြောက်ပိုင်း) နှင့် ဇော်ဇော်လတ်(ပြည်ထဲရေး-က)တို့က ရိုက်ချက် ၇၃ချက်စီဖြင့် စတုတ္ထ၊ သန်းဇော် (ရေတပ်)၊ သန်းနိုင်ဦး(သစ်တောရေးရာ)နှင့် ထိန်ဝင်း(ရေတပ်)တို့က ရိုက်ချက်၇၄ချက်စီဖြင့် ပဉ္စမ အသီးသီးရပ်တည်လျက် ရှိကြသည်။

နှစ်ရက်ပေါင်းရိုက်ချက်

ပထမနေ့နှင့်ဒုတိယနေ့ နှစ်ရက်ပေါင်း ရိုက်ချက်အကောင်းဆုံး အသင်းများမှာ သစ်တောရေးရာဝန်ကြီးဌာန အသင်းက ရိုက်ချက် ၅၈၆ချက်ဖြင့် ပထမ၊ ကောင်းမြတ် ဂေါက်အသင်းက ရိုက်ချက် ၅၉၆ချက်ဖြင့် ဒုတိယ၊ မန္တလေးတိုင်းအသင်းက ရိုက်ချက် ၆၀၁ချက်ဖြင့် တတိယ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက ရိုက်ချက် ၆၀၂ချက်ဖြင့် စတုတ္ထ၊ ရေတပ်ကလပ်အသင်းက ရိုက်ချက် ၆၀၆ချက်ဖြင့် ပဉ္စမတို့ ရရှိထားကြသည်။

ပထမနေ့နှင့်ဒုတိယနေ့ နှစ်ရက်ပေါင်း တစ်ဦးချင်း ရိုက်ချက်အကောင်းဆုံး အားကစားသမားငါးဦးမှာ ဇော်ဇော်လတ် (ပြည်ထဲရေး-က) နှင့် အောင်ဝင်း (သစ်တော)တို့က ရိုက်ချက် ၁၄၂ချက်စီဖြင့် ပထမ၊ မြင့်ရွှေ (ရန်ကုန်တိုင်း)၊ မင်းနိုင်(မန္တလေးတိုင်း)နှင့် ဇော်ဇင်ဝင်း (ပြည်ထဲရေး-ခ)တို့က ရိုက်ချက် ၁၄၅ချက်စီဖြင့် ဒုတိယ၊ လှမျိုး (လေတပ်)နှင့် ကျော်သီဟ(ကောင်းမြတ်)တို့က ရိုက်ချက် ၁၄၆ချက်စီဖြင့် တတိယ၊ မြင့်သိန်း (နယ်စပ်/စည်ပင်)က ရိုက်ချက် ၁၄၇ချက်ဖြင့် စတုတ္ထ၊ ခင်ဇော်ဝင်း (နယ်စပ်/စည်ပင်)က ရိုက်ချက် ၁၄၈ချက်ဖြင့် ပဉ္စမ ရရှိထားကြသည်။

အဆိုပါပြိုင်ပွဲ၏ တတိယနေ့ ပွဲစဉ်များကို ဧပြီ ၁၅ရက် (ဒုတိယသင်္ကြန်အကြတ်နေ့)တွင် နေပြည်တော် ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၄-၂၀၀၈ (အင်္ဂါနေ့)
(မဟာသင်္ကြန် ဒုတိယအကြတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ "ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆရာ ဒကာ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု" (အပိုင်း-၂)
၇း၅၅	၅။ ခါသင်္ကြန်အဆိုအကများ
၈း၁၅	၆။ ခါသင်္ကြန်အဆိုအကများ
၈း၃၀	၇။ International News.
၉း၀၀	၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၃၀	၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၄။ ခါသင်္ကြန်အဆိုအကများ
၅း၀၀	၅။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀	၆။ ညနေခင်းသတင်း
၆း၃၀	၇။ မိုးလေဝသအခြေအနေ
၆း၃၅	၈။ ချစ်စရာ့တာသင်္ကြန်
၇း၀၀	၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇း၂၀	၁၀။ ခါသင်္ကြန်အဆိုအကများ
၇း၃၀	၁၁။ စိတ်အားထက်သန် ဆန္ဒအမှန်
၈း၀၀	၁၂။ ပြည်တွင်းသတင်း
	၁၃။ နိုင်ငံတကာသတင်းများ
	၁၄။ မိုးလေဝသအခြေအနေ
	၁၅။ 'သပြေကုန်းမှ ရွှေအပြုံးများ'
	၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **၅၂၈ နှောင်ကြိုး** (အပိုင်း-၁) နိုင်းနိုင်း၊ မေသန်းနု၊ မျိုးစန္ဒီကျော် ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒိုးပိုက်)
	၁၇။ အစီအစဉ်ပြီး၏။

ဇင်ဘာဘွေရွေးကောက်ပွဲ နောက်ဆက်တွဲကိစ္စ တောင်ပိုင်းအာဖရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးကျင်းပ

လူဆာကာ ဧပြီ ၁၄

တောင်ပိုင်းအာဖရိကနိုင်ငံများမှ ခေါင်းဆောင်များသည် ဇင်ဘာဘွေရွေးကောက်ပွဲ နောက်ဆက်တွဲ ပြဿနာဆွေးနွေးရန် ဧပြီ ၁၃ရက်က အရေးပေါ်ထိပ်သီးအစည်းအဝေး ကျင်းပသည်။

စေလွှတ်

ထိပ်သီးအစည်းအဝေးသို့ ဇင်ဘာဘွေ သမ္မတမူဂါဘီ တက်ရောက်ခြင်း မရှိသော်လည်း ဇင်ဘာဘွေအစိုးရအဖွဲ့ဝင် ဝန်ကြီးသုံးဦးနှင့် နိုင်ငံခြားရေးရာ အတွင်းဝန်တို့ကို သူ့ကိုယ်စားသမ္မတမူဂါဘီက စေလွှတ်သည်။

ဤဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ထိုအုပ်စုဥက္ကဋ္ဌ ဇမ်ဘီယာသမ္မတ လက်ဗီအမ်ဝါနာဝါဆာက အရေးပေါ်ခေါ်ယူခြင်းဖြစ်သည်။

ထည့်သွင်း

ဇင်ဘာဘွေပြည်သူများအတွက် လူသားချင်းစာနာထောက်ထားရေး၊ အကူအညီများပေးရေး ကိစ္စကိုလည်း အရေးပေါ်ထိပ်သီးအစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟားမတ်စ်ခေါင်းဆောင်များအား ပစ်မှတ်ထားတိုက်ခိုက်လာလျှင် အစ္စရေးဝန်ကြီးအဖွဲ့ကို ပစ်မှတ်ထား တိုက်ခိုက်သွားမည်ဟုဆို

ဂါဇာ ဧပြီ ၁၄

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်ဝန်ကြီးများကို အစ္စရေးတပ်များက ပစ်မှတ်ထားတိုက်ခိုက်လာလျှင် အစ္စရေးဝန်ကြီးချုပ်အေဟွတ်အိုလ်မတ်၏ဝန်ကြီးများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဟားမတ်စ်ထိပ်တန်း ခေါင်းဆောင်တစ်ဦးက ဧပြီ ၁၂ရက်တွင် ပြောကြားသည်။

ပစ်မှတ်ထား

ဂျူးနိုင်ငံက ဂါဇာရှိ ဟားမတ်စ်ခေါင်းဆောင်များကို ပစ်မှတ်ထားတိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း အစ္စရေးတို့က ခြိမ်းခြောက်ခဲ့၍ဟားမတ်စ်တို့အနေဖြင့်လည်း အစ္စရေးခေါင်းဆောင်များကို ပစ်မှတ်ထားတိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း ဟားမတ်စ်ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် မူရှီးအယ်မာဆရီ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ပြောကြား

ဂါဇာရှိ ဟားမတ်စ်စစ်သွေးကြွများသည် အစ္စရေးတို့ကို လက်နက်ကိုင်တိုက်ခိုက်မှု တိုးလာပြီးနောက် အစ္စရေးတာဝန်ရှိသူများက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သတ်မှတ်

ဂါဇာကမ်းမြောင်ဒေသကို ပြီးခဲ့သည့်နှစ် ဇွန်လလယ်တွင် ဟားမတ်စ်အဖွဲ့က ထိန်းချုပ်ခဲ့ပြီးနောက် ဥရောပနှင့် အမေရိကန်တို့ကို ကမ္ဘာ့အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ထားသည်။ **(အင်တာနက်)**

ပေကျင်းအိုလံပစ် အားကစားပွဲတော် ဗင်နီဇွဲလား ပြေးခုန်ပစ်အဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်

ကာရာကတ် ဧပြီ ၁၄

၂၀၀၈ခုနှစ် ဩဂုတ်လတွင် တရုတ်နိုင်ငံ၌ ကျင်းပမည့် ပေကျင်းအိုလံပစ် အားကစားပွဲတော်ကို အောင်အောင်မြင်မြင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်း ဧပြီ ၁၀ရက်က ဗင်နီဇွဲလားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။

ဖော်ပြ

ဗင်နီဇွဲလားနိုင်ငံ အနေဖြင့် ယင်းအားကစားပွဲသို့ ပြေးခုန်ပစ် အားကစားကိုယ်စားလှယ်အဖွဲ့ သွားရောက် ယှဉ်ပြိုင်မည် ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပြောကြား

သမ္မတဟူဂိုချာဗက်နှင့် နိုင်ငံခြားရေးဝန်ကြီး နီကိုလာစ်မက်ဒူရိုတို့က ပေကျင်းအိုလံပစ် အားကစားပွဲတော်သို့ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့မှု မြင့်တက်လာ

ဟန္နိုင်း ဧပြီ ၁၄

ဗီယက်နိုင်ငံ၏ လယ်ယာ၊ သစ်တောနှင့် ပင်လယ်အစားအစာများ ပြည်ပသို့တင်ပို့ရာမှရရှိသော နိုင်ငံခြားဝင်ငွေသည် ယခုနှစ်ပထမလေးလပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ဒသမ ၂ဘီလီယံရှိကြောင်း၊ နှစ်အလိုက်တိုးတက်မှုမှာ ၁၁ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ဒေသဆိုင်ရာဗီယက်နမ် သတင်းစာတစ်စောင်က ဧပြီ ၁၄ရက်တွင် ရေးသားဖော်ပြသည်။

တိုးတက်

၄င်းတို့အနက် လယ်ယာထွက်ကုန်မှ ဒေါ်လာ ၁ဒသမ ၇ဘီလီယံ ဝင်ငွေရရှိပြီး ၁၁ဒသမ ၆ရာခိုင်နှုန်း၊ သစ်တောကဏ္ဍမှ ဒေါ်လာ ၇၁၂သန်း ဝင်ငွေရရှိပြီး ၁၂ ရာခိုင်နှုန်း ပင်လယ်အစားအစာ တင်ပို့မှုမှ ဒေါ်လာသန်း ၈၀၀ရရှိပြီး ၁၁ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။

ဖော်ပြ

ထို့နောက်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒုတိယဝန်ကြီး လူအွန်လီဖူအွန်၏ ပြောကြားချက်ကို ကိုးကား၍ ယင်းသတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

မြင့်တက်

အဓိကထုတ်ကုန်များဖြစ်သည့် ဆန်၊ ကော်ဖီ၊ ရော်ဘာနှင့် ငရုတ်ကောင်းများ ထုတ်လုပ်မှု အနည်းငယ် ကျဆင်းခဲ့သော်လည်း ပြည်ပသို့ တင်ပို့မှု မြင့်တက်ခဲ့ပြီး ၂၁ရာခိုင်နှုန်းနှင့် ၃၈ရာခိုင်နှုန်းကြားတွင် ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံမြောက်ပိုင်း တန်ရှန်မြို့ရှိ စက်ရုံမှ နိုင်ငံအတွင်း ပထမဦးဆုံးထုတ်လုပ်လိုက်သော ကျည်ဆန်ရထားကို ဧပြီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်တောင်ပိုင်း၌ ပေါက်ကွဲမှု ၁၀ဦးသေဆုံး ၁၆၀ ဒဏ်ရာရရှိ

တီဟီရန် ဧပြီ ၁၄

အီရန်တောင်ပိုင်း ဗလီတစ်ခုတွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသဖြင့် ၁၀ဦး သေဆုံးပြီး ၁၆၀ဒဏ်ရာရသွားသည်ဟု အီရန်မီဒီယာများက ကြေညာသည်။

အဆိုပါ ပေါက်ကွဲမှုနှင့် ပတ်သက်၍ ရှီရက်မြို့မှ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟူ၍ အစောပိုင်း သတင်းများထွက်ပေါ်လာသည်။

သို့သော် ဗုံးခွဲတိုက်ခိုက်ခြင်းမဟုတ်နိုင်ကြောင်း ဖားပြည်နယ် ရဲမှူးကြီးအလီက ပြောကြားလိုက်ပြီး စစ်လက်နက် ပစ္စည်းများအပေါ် ကိုင်တွယ်မှုပေါ့ဆခြင်းကြောင့် ဖြစ်နိုင်သည်ဟု ဆိုသည်။

ပေါက်ကွဲမှုမှာ ဧပြီ ၁၂ရက် ညဉ့်နာရီက ဖြစ်ပွားပြီး တစ်မိုင်ခန့်အကွာကပင် ကြားရသည်ဟု မီဒီယာများက ကြေညာသည်။

(အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၃၀ရှိပြီ

ဘဂ္ဂဒက် ဧပြီ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဧပြီ ၁၂ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ယင်းဖြစ်ပွားမှုသည် ယင်းနေ့နံနက် ၁၀နာရီခွဲက ပေါက်ကွဲခဲ့ခြင်းဖြစ်ရာ နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်

အီရတ်နိုင်ငံ ဆွန်တီဒေသအတွင်း၌ လွန်ခဲ့သည့် ရက်သတ္တပတ်က အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၉ဦးသေဆုံးခဲ့သည်။

သေဆုံး

၂၀၀၃ခုနှစ်အတွင်း အီရတ်စစ်ပွဲ စတင်ကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၃၀ရှိသွားပြီ ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပျက်စီး

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် လော်ရင်ဘတ်မြို့တွင် ယာဉ်မတော်တဆမှုကြောင့် ပျက်စီးသွားသော ကုန်တင်ကားတစ်စီးကို ဧပြီ ၁၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဖြေရှင်းလိုက်ပုံက....

အရောင်းအဝယ်နှင့်ပတ်သက်ပြီး ငယ်စဉ်ကပင် ဖြည်းဖြည်းချင်း သင်ကြားပေးနေသော ဖခင်တစ်ဦးက ခြောက်နှစ်အရွယ်သားငယ်ကို မေးလေသည်။

ဖခင် ။ ။ **သား…မင်းက လူတစ်ယောက်ကို ဒေါ်လာ၁၀၀တန်ပစ္စည်း ရောင်းရမယ် ဆိုပါတော့ကွာ…**

သားငယ် ။ ။ **ဟုတ်ကဲ့။**

ဖခင် ။ ။ **ဒါပေမယ့်…မင်းကမှားပြီး ဒေါ်လာ၂၀၀တန်ပစ္စည်း ရောင်းလိုက်မိတယ်ဆိုရင် ဘယ်လိုလုပ်မလဲ…**

သားငယ် ။ ။ (အတန်ငယ် စဉ်းစားပြီးနောက်…)
အဲဒီလူက ဖေဖေ့မိတ်ဆွေလား…

ဖခင် ။ ။ **အေး…ဟုတ်တယ်ပဲ ထားလိုက်ပါတော့ကွာ…**

သားငယ် ။ ။ **အဲဒါဆိုရင်…ဖေဖေ့ဆီကပဲ လိုတဲ့ပိုက်ဆံ တောင်းယူမှာပေါ့။**

ဖခင် ။ ။ **"ဟေ"**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တိုက်ပွဲဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ဈေးတစ်ဈေးကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စီးပွားရေးဦးမော့လာသော ဘီနင်နိုင်ငံ

သတင်းအက်ဆေး

ဘီနင်သမ္မတနိုင်ငံသည် အာဖရိကတိုက်အနောက်ပိုင်း ဂီနီပင်လယ်ကွေ့ ဒေသတွင် တည်ရှိသည်။ ဤနိုင်ငံက ခိုင်မာယဉ်ကျေးသော လူ့ဘောင်တစ်ခု ဖွဲ့စည်းထားနိုင်မှု၊ နိုင်ငံရေးပါတီများ ဖောခြင်းသောခြင်း များပြားမှုတို့အပေါ် ဂုဏ်ယူလျက်ရှိသည်။ သို့သော် စီးပွားရေးဘက်တွင် အလားအလာသိပ်မကောင်းလှ။ ဤနိုင်ငံမှာ အဂတိလိုက်စားမှုများပြီး ဖွံ့ဖြိုးတိုးတက်မှု မရှိသလောက် ဖြစ်ရသည်။

ထပ်မံအမည်ပြောင်း

ဘီနင်သမ္မတနိုင်ငံ၏ မူလဘူတအမည်မှာ ဒါဟိုမီဖြစ်သည်။ ဒါဟိုမီနိုင်ငံအမည်ကို ၁၉၇၅ ခုနှစ်တွင် ဘီနင်ပြည်သူ့သမ္မတနိုင်ငံအဖြစ် ပြောင်းလိုက်သည်။ တစ်ဖန် ၁၉၉၀ ပြည့်နှစ် မတ်လတွင် ဘီနင်ပြည်သူ့သမ္မတနိုင်ငံမှ ဘီနင်သမ္မတ နိုင်ငံအဖြစ်သို့ ထပ်မံအမည်ပြောင်းခဲ့သည်မှာ ယနေ့အထိဖြစ်သည်။

ပထမဆုံးသမ္မတ

ဒါဟိုမီနိုင်ငံသည် ၁၉၄၆ ခုနှစ်တွင် ပြင်သစ်၏ ပင်လယ်ရပ်ခြားလက်အောက်ခံ နယ်မြေတစ်ခုဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရပြီး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ထိုနှစ်ရွေးကောက်ပွဲတွင် ပါတီဒါဟိုမင်းဒီအယ်လ်ယူနိုက် ပါတီခေါင်းဆောင် ဟူးဘတ်မာဂါ ပထမဆုံး သမ္မတဖြစ်လာခဲ့သည်။

ရွေးချယ်တင်မြှောက်

၁၉၆၃ ခုနှစ်တွင် စစ်ဦးစီးချုပ် ဗိုလ်မှူးကြီးခရစ္စတိုဖီဆိုဂလိုက သမ္မတ မာဂါကို ဖြုတ်ချကာ အာဏာသိမ်းသည်။ ၁၉၆၄ ခုနှစ်တွင် ဆူယူမီဂန်အပီသိုင်းအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၆၅ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဆိုဂလိုက သမ္မတကို ဖယ်ရှားပြီး ယာယီအစိုးရကို ဖွဲ့စည်းသည်။ ထိုနှစ် ဒီဇင်ဘာလတွင် သူကိုယ်တိုင် အာဏာရယူလိုက်သည်။

၁၉၆၇ ခုနှစ်တွင် ဗိုလ်မှူးမောရစ်ကွမ်ဒီတီ ဦးဆောင်ပြီး အာဏာသိမ်းလိုက် ပြန်သည်။ ဗိုလ်ချုပ်ကြီးဆိုဂလိုကို ဖယ်ရှားကာ နိုင်ငံတော်အကြီးအကဲအဖြစ် ဒုတိယဗိုလ်မှူးကြီး အယ်ဖွန်ဆီအယ်လီအား ခန့်အပ်သည်။ ၁၉၆၈ ခုနှစ်တွင် စစ်အစိုးရက ဒေါက်တာ အီမိုင်း ဒါလင်ဇင်ဆိုအား သမ္မတအဖြစ် တင်လိုက်သည်။ ၁၉၆၉ ခုနှစ်တွင် သမ္မတဇင်ဆိုအား ဒုတိယဗိုလ်မှူးကြီးကွမ်ဒီတီက ဖြုတ်ချလိုက်သည်။

ရွေးကောက်ပွဲကျင်းပ

၁၉၇၀ ပြည့်နှစ်တွင် သမ္မတရွေးကောက်ပွဲကျင်းပသည်။ သို့သော် ပယ်ဖျက်လိုက်သည်။ အာဏာကို သမ္မတများကောင်စီသို့ ပေးအပ်လိုက်သည်။ သမ္မတများကောင်စီတွင် အဟိုမာဒက်ဘီ၊ အပီသိုင်းနှင့် မာဂါတို့သုံးဦး ပါဝင်သည်။ သုံးဦးရှိသည့်အနက် တစ်ဦးလျှင် နှစ်နှစ်ကြာသမ္မတ တာဝန်ယူရသည်။ မာဂါမှာ ပထမနှစ်နှစ်အတွက် သမ္မတတာဝန်ယူခဲ့သည်။

၁၉၇၂ ခုနှစ်တွင် မာဂါထံမှ အဟိုမာဒက်ဘီက နှစ်နှစ်သမ္မတသက်တမ်းအတွက် စတင်တာဝန်ယူသည်။ ထိုအခါ ဗိုလ်မှူးမက်သီယူးကီရီကိုက အာဏာသိမ်းလိုက်ပြီး သမ္မတများကောင်စီဝင်အားလုံးကို ထိန်းသိမ်းလိုက်သည်။

၁၉၇၃ ခုနှစ်တွင် ကောင်ဆယ်နေရှင်နယ်ရီဗော်လူးရှင်နရီ (စီအင်အာရ်)ကို ဖွဲ့စည်းသည်။ ၁၉၇၅ ခုနှစ်တွင်ပါတီဒီလာရီဗော်လူးရှင်းပေါ်ပြူလာဒူဘီနင်(ပီအာရ်ပီဘီ) ပါတီကို တစ်ခုတည်းသော တရားဝင်ပါတီအဖြစ် ထူထောင်သည်။

ထပ်မံရွေးချယ်

၁၉၇၉ ခုနှစ်တွင် အစင်ဘလီနေရှင်နယ်ရီဗော်လူးရှင်းနာရီ(အေအင်အာရ်) ရွေးကောက်ပွဲကျင်းပသည်။ ၁၉၈၀ ပြည့်နှစ်တွင် အေအင်အာရ်က ကီရီကိုအား သမ္မတအဖြစ် တညီတညွတ်တည်း ရွေးချယ်တင်မြှောက်သည်။ ၁၉၈၄ ခုနှစ် ရွေးကောက်ပွဲတွင် ပြိုင်ဘက်မရှိဘဲ အေအင်အာရ်က ကီရီကိုအား ထပ်မံရွေးချယ်တင်မြှောက်သည်။ ၁၉၈၉ ခုနှစ်တွင် တတိယသက်တမ်းအတွက် သမ္မတအဖြစ်ရွေးချယ်ခံရသည်။

၁၉၉၁ ခုနှစ် မတ်လတွင် ကိုယ်စားလှယ်စုံယှဉ်ပြိုင်သည့် သမ္မတရွေးကောက်ပွဲတွင် ကီရီကိုအား နိုက်စဖိုရီဆိုဂလိုက အနိုင်ယူလိုက်သည်။

ယှဉ်ပြိုင်ခွင့်မရ

၂၀၀၁ ခုနှစ် မတ်လ သမ္မတရွေးကောက်ပွဲတွင် ကီရီကိုပြန်လည်အရွေးခံရသည်။ ၂၀၀၆ ခုနှစ် မတ်လ သမ္မတရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ အသက်သတ်မှတ်ချက် ကျော်လွန်နေသည့်အတွက် လက်ရှိသမ္မတ ကီရီကိုမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရ ရွေးကောက်ပွဲတွင် ယာယီဘိုနီအနိုင်ရကာ သမ္မတဖြစ်လာသည်။

အာရုံစိုက်ကြိုးပမ်း

ဤနိုင်ငံသည် အာဖရိကတိုက်မှ ဝါဂွမ်း အဓိကထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သမ္မတယာယီဘိုနီသည် နိုင်ငံတော်စီးပွားရေး ပြန်လည်ဦးမော့ရေးကို အာရုံစိုက်ကြိုးပမ်းရသည့်ပြင် အဂတိလိုက်စားမှု ပပျောက်ရေးကိုလည်း တစ်ဖက်မှ မျက်ခြည်မပြတ် ဆောင်ရွက်ပေးမှုကြောင့် ဘီနင်သမ္မတနိုင်ငံ စီးပွားရေးမှာ တိုးတက်လာနေပြီဖြစ်ပါကြောင်း။ ။

ဘီနင်သမ္မတနိုင်ငံသည် အာဖရိကတိုက်အနောက်ပိုင်း ဂီနီပင်လယ်ကွေ့ဒေသတွင် တည်ရှိ၊ ဤနိုင်ငံက ခိုင်မာယဉ်ကျေးသော လူ့ဘောင်တစ်ခု ဖွဲ့စည်းထားနိုင်မှု၊ နိုင်ငံရေးပါတီများ ဖောခြင်းသောခြင်း များပြားမှုတို့ အပေါ် ဂုဏ်ယူလျက်ရှိ၊

(ကိုးကား-အင်တာနက်)

တိုး - ရေးသားသည်

အင်္ဂါဂြိုဟ်ပေါ်၌ ဂြိုဟ်သားများနေထိုင်ခဲ့ သက်သေအထောက်အထား အခိုင်အမာတွေ့ရှိ

အင်္ဂါဂြိုဟ်ပေါ်တွင် လွန်ခဲ့သော နှစ်ဘီလီယံ အနည်းငယ်က အင်္ဂါဂြိုဟ်သားများ ရှိခဲ့မည်ဆိုပါက အပင်ကဲ့သို့ပင် အဏုဇီဝရုပ်များ ကျန်ရစ်ခဲ့ရမည်ဟု သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

၎င်းတို့ ထိုကဲ့သို့ယူဆခဲ့ကြရခြင်းမှာ အမေရိကန်နိုင်ငံ ချာပယ်ဟေးလ်အရပ်ရှိ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မှ ဂျက်ဂရစ်ဖစ်သည် နယူးမက္ကဆီကိုဒေသရှိ မြေအောက် ပေ ၂၀၀၀ နက်သောနေရာမှ သက်တမ်းနှစ် ၂၅၃သန်းဝန်းကျင်ရှိ ဆားနုန်းနှစ်အတွင်းမှ အဏုကြည့်မှန်ဖြင့်သာမြင်နိုင်သော အမွေးနု အမျှင်အစုအဝေးကြီး(အောက်ပုံ)ကို တွေ့ရှိခဲ့သောကြောင့်ဖြစ်သည်။ ယင်းအမျှင် အစုအဝေးသည် ယနေ့အထိတွေ့ရှိရသည့် ဇီဝဆိုင်ရာ ရုပ်ကြွင်းပစ္စည်းများအနက် ရှေးအကျဆုံး၊ သက်တမ်းအရင့်ဆုံး ပစ္စည်းတစ်ခုဖြစ်သည် ဆိုသည်။

ကမ္ဘာမြေပေါ်တွင် ထိုကဲ့သို့တွေ့ရှိပြီး တစ်ပတ်ခန့်အကြာတွင် ဂြိုဟ်စူးစမ်းလေ့လာရေး သိပ္ပံပညာရှင်များအဖွဲ့က အင်္ဂါဂြိုဟ်ပေါ်တွင် အငွေ့ပြန်ပြီး ခြောက်သွေ့နေသောဆားခဲများကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိလူသားများ နေထိုင်ခဲ့ဖွယ်ရှိသည်ဟု ယူဆရကြောင်း သတင်းထုတ်ပြန်ခဲ့သဖြင့် တွေ့ရှိချက်နှစ်ခု ထပ်တူထပ်မျှ ကျနေသည်ကို တွေ့ရသည်။





အဆိုပါအင်္ဂါဂြိုဟ်(အပေါ်ပုံ)ပေါ်မှ ဆားခဲများကို စမ်းသပ်ခဲ့ရာတွင်လည်း ကမ္ဘာမြေပေါ်တွင် တွေ့ရှိခဲ့ရသောဆားခဲများတွင်တွေ့ရှိရသော အမွေးနုအမျှင် အစုအဝေးများကို စမ်းသပ်တွေ့ရှိခဲ့ရာ အင်္ဂါဂြိုဟ်ပေါ်တွင် တစ်ချိန်ကဂြိုဟ်သားများ အသက်ရှင်နေထိုင်ခဲ့ကြောင်း သက်သေအထောက်အထား ခိုင်မာသည့်ထက် ခိုင်မာလာခဲ့သည်။ ထိုသို့တွေ့ရှိခဲ့သူမှာ အရီဇိုးနားတက္ကသိုလ်မှ ဂြိုဟ်စူးစမ်းလေ့လာရေး ဘူမိဗေဒပညာရှင် ဖီးလ်ခရစ္စတင်ဆန်ဆိုသူ ဖြစ်သည်။

မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မှ ဂျက်ဂရစ်ဖစ်၏ ကမ္ဘာ မြေပြင်ပေါ်တွင် တွေ့ရှိချက်နှင့် အရီဇိုးနားတက္ကသိုလ်မှ ဖီးလ်ခရစ္စ တင်ဆန်၏တွေ့ရှိချက်များသည် သီးခြားစီ တွေ့ရှိချက်များဖြစ်ပြီး ပတ်သက်မှု မရှိသော်လည်း စပ်ဆက်မှုရှိကာ အင်္ဂါဂြိုဟ်ပေါ်တွင် တစ်ချိန်က လူသားများ အသက်ရှင် နေထိုင်ခဲ့သည်ကို ငြင်းမရသည့် ဖွင့်ဟချက်အဖြစ် လှစ်ဟပြလိုက်သကဲ့သို့ ဖြစ်ပါကြောင်း။ ။

အာကာသသိပ္ပံ

သူတို့အတွေးနှင့် အမြင်

* ***He who suffers remembers.***
ခံစားရသူတိုင်းသည် ယင်းခံစားရမှုကို သတိရလျက်ရှိကြသည်။
စစ်စီရို (စာရေးဆရာ)

* ***What is not fully understood is not possessed.***
ဂဃနဏ နားမလည်နိုင်သည့်အရာကို ပိုင်ဆိုင်နိုင်စွမ်းရှိမည်မဟုတ်ပါပေ။
ဂိုသီ (ကဗျာဆရာ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၄-၄-၂၀၀၈

တရုတ်နှင့် ချီလီ လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်ချုပ်ဆို

တရုတ်နှင့် ချီလီနိုင်ငံတို့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း တရုတ်နိုင်ငံမှ ကုန်သွယ်ရေး အရာရှိများက ပြောကြားသည်။

ယခုကဲ့သို့ စာချုပ်ချုပ်ဆိုခြင်းသည် လက်တင်အမေရိကနိုင်ငံများအနက် ချီလီနိုင်ငံသည် တရုတ်နိုင်ငံနှင့် ပထမဆုံး လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုနိုင်သည့် နိုင်ငံဖြစ်လာသည်။

ကြက်ငှက်တုပ်ကွေး တောင်ကိုရီးယား၌ ဖြစ်ပွား

တောင်ကိုရီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုများ ဖြစ်ပွားလျက်ရှိကြောင်း တောင်ကိုရီးယား ကျန်းမာရေး အရာရှိများက ပြောကြားသည်။

အဆိုပါ ရောဂါကူးစက်ပြန့်ပွားနေသည့်နေရာမှာ တောင်ကိုရီးယားနိုင်ငံ ဂျီယိုလာပြည်နယ် မူအန်မြို့နှင့် ဂွါန်အပ်မြို့တို့တွင်ဖြစ်ပြီး ကြက်၊ ဘဲကောင်ရေ ၁ ဒသမ၃သန်းခန့်ကို သုတ်သင်ရှင်းလင်းခဲ့ရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ဗုံးပေါက်ကွဲ

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပါလက်စတိုင်းသုံးဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဒုက္ခသည်စခန်းအနီး၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး အနီးရှိ အိမ်တစ်လုံးလည်း ပျက်စီးခဲ့သည်။

မက်ဆီဒိုးနီးယား ပါလီမန်ရွေးကောက်ပွဲ ဇွန်လ၌ကျင်းပမည်

မက်ဆီဒိုးနီးယားနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကို လာမည့်ဇွန်လ၌ စတင်ကျင်းပမည်ဖြစ်ကြောင်း မက်ဆီဒိုးနီးယား ပါလီမန်ဥက္ကဋ္ဌ ဂျူဘီသာ ဂျော်ဂျီဗျာစကီက ပြောကြားသည်။

မိမိတို့နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကို လာမည့် ဇွန် ၁ရက်၌ ကျင်းပမည်ဖြစ်ပြီး အစစအရာရာ ပြင်ဆင်ထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲ

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အရပ်သား နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲသည့်နေရာမှာ ခဟော့ပြည်နယ် နာဒါရှိတ်ကော့ခရိုင်အတွင်း ဖြစ်ပြီး တာလီဘန်တိုက်ခိုက်ရေးသမားများ ထောင်ထားသော ဗုံးဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အီရန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အီရန်နိုင်ငံ တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ရှစ်ဦးထက်မနည်း သေဆုံးသွားကြောင်း အီရန် ရဲတပ်ဖွဲ့ကပြောကြားသည်။ ဗုံးပေါက်ကွဲသည့် နေရာမှာ ရှီရက်ဇ်မြို့၌ ဖြစ်ပြီး ၅၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုဗုံးပေါက်ကွဲမှုမှာ အီရန် တောင်ပိုင်း၌ ဒုတိယ မြောက် ဗုံးပေါက်ကွဲခြင်း ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သီရိလင်္ကာ၌ အရေးပေါ်အမိန့် ရုပ်သိမ်း

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း ဂျာဖ်နာပြည်နယ်တွင် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို သီရိလင်္ကာအစိုးရက ပြန်လည်ရုပ်သိမ်းလိုက်သည်။

အဆိုပါပြည်နယ်၌ မကြာမီက သီရိလင်္ကာတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အရေးပေါ်အမိန့်ထုတ်ပြန်ထားခဲ့ရာမှပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။

အာရှဒေသသည် ကမ္ဘာ့အတိုးတက်ဆုံးဒေသဖြစ်ကြောင်း တရုတ်သမ္မတကြီးဟူကျင်တောင် သုံးသပ်ပြောကြား

ဘိုအော ဧပြီ ၁၄

အာရှဒေသသည် ကမ္ဘာ့အတိုးတက်ဆုံးဒေသတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေနိုင်ဆဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းနေလိမ့်မည်ဖြစ်ကြောင်း သမ္မတဟူကျင်တောင်က ဧပြီ ၁၂ရက်တွင် ပြောကြားလိုက်သည်။

အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အနာဂတ်အာရှဒေသတစ်ခုအတွက်သာမကဘဲ အနာဂတ်ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါလျက်ရှိကြောင်း အာရှဘိုအောဖိုရမ်၌ ကျင်းပသောအစည်းအဝေးတွင် သမ္မတဟူကျင်တောင်က ပြောကြားလိုက်ခြင်းဖြစ်သည်။ (ဓာတ်ပုံ)

တိုးတက်

မကြာသေးသည့်နှစ်များက အာရှဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်ဖွံ့ဖြိုးလာကြောင်း၊ အာရှနိုင်ငံများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တိုးတက်လျက်ရှိနေကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

ပြောကြား

အာရှဒေသနှင့် ဒေသခွဲဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးယန္တရားများ အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းသည် အာရှဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကို အဓိကအခန်းကဏ္ဍမှ တိုးမြှင့်ပေးလျက်ရှိကြောင်း ဟူက သုံးသပ်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကင်ညာညွန့်ပေါင်းအစိုးရ ဝန်ကြီးအဖွဲ့ သစ်ကြေညာ အတိုက်အခံခေါင်းဆောင်အိုဒင်ဂါ ဝန်ကြီးချုပ်ဖြစ်လာ

နိုင်ရိုဘီ ဧပြီ ၁၄

ကင်ညာနိုင်ငံ၌ နိုင်ငံရေး အကျပ်အတည်း ကြာရှည်စွာဖြစ်ပေါ်ခဲ့မှုကို အဆုံးသတ်ရန် အတိုက်အခံနှင့်အတူ အာဏာခွဲဝေအုပ်ချုပ်မည့် ညွန့်ပေါင်းအစိုးရ ဝန်ကြီးအဖွဲ့သစ်ကို သမ္မတကီဘာကီက ကြေညာလိုက်ကြောင်း ဧပြီ ၁၃ ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။

ဆွေးနွေး

သမ္မတကီဘာကီနှင့် အတိုက်အခံခေါင်းဆောင်အိုဒင်ဂါတို့သည် ဧပြီ ၁၂ ရက်က လျှို့ဝှက်ဆွေးနွေးခဲ့ပြီးနောက် အိုဒင်ဂါသည် ကင်ညာနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာသည်။(အပေါ်ပုံ)

သဘောတူညီ

ဒီဇင်ဘာလက ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့၍ လူ ၁၅၀၀ကျော် သေဆုံးခဲ့ရသည်။ သမ္မတကီဘာကီနှင့် အိုဒင်ဂါတို့သည် ဝန်ကြီးအဖွဲ့ရာထူးများ ခွဲဝေရာတွင်လည်း သဘောတူညီခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှစ်ဦးမှာ သမ္မတကီဘာကီ၏ အမျိုးသားညီညွတ်ရေးပါတီမှ ကင်ညက်တာနှင့် မစ္စတာအိုဒင်ဂါ၏လိမ္မော်ရောင်လှုပ်ရှားမှုပါတီမှ မူဆာလီယာမူဒါဗာဒီတို့ ဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာကင်ညက်တာသည် ကင်ညာနိုင်ငံ၏ ပထမဆုံးသမ္မတ ဂျိုမိုကင်ညက်တာ၏သားဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီး အမို့စ်ကီမူညာသည် ၎င်း၏ရာထူးကို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး အတိုက်အခံပါတီမှ ဝီလျံရူတိုသည် စိုက်ပျိုးရေးဝန်ကြီးဖြစ်လာသည်။

(အင်တာနက်)

စပိန်ဝန်ကြီးချုပ်ဇာပရာရိုအား ဒုတိယလေးနှစ်သက်တမ်းအတွက် ပြန်လည်ရွေးချယ်

မက်ဒရစ် ဧပြီ ၁၄

စပိန်ဝန်ကြီးချုပ် ဟိုဆေးလူးဝစ်ရိုဒရီကွတ်ဇ်ဇာပရာရိုသည် အမျိုးသမီးဝန်ကြီးကိုးဦးနှင့် အမျိုးသားဝန်ကြီး ရှစ်ဦးပါဝင်သော ဝန်ကြီးအဖွဲ့ကို ဦးဆောင်ရန် ဒုတိယသက်တမ်းအဖြစ် ဧပြီ ၁၂ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ မက်ဒရစ်မြို့အနီး ဇာဂူလာနန်းတော်၌ကျင်းပသော အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဘုရင်ဂျူအန်ကားလို့စ် တက်ရောက်ခဲ့သည်။

အဆိုပါ ဝန်ကြီးအဖွဲ့တွင် အိမ်ရာဝန်ကြီးဟောင်း ကာမီချာကွန်းသည် စပိန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီး ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။ အသက် ၃၁နှစ်ရှိ ဘီဘီယာနာအိုက်ဒိုသည် စပိန်နိုင်ငံ၏ အသက်အငယ်ဆုံးသော ပညာရေးဝန်ကြီးဖြစ်လာသည်။

ယုံကြည်

ထိုသို့ ဝန်ကြီးအဖွဲ့ အပြောင်းအလဲလုပ်ခြင်းကို ဂုဏ်ယူမိကြောင်း၊ အစိုးရအဖွဲ့အတွင်း သွက်လက်ထက်မြက်သော ခေတ်လူငယ်လူရွယ်များဖြင့် ဖွဲ့စည်းသည့် ဝန်ကြီးအဖွဲ့အစည်းဖြစ်၍ စပိန်နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရာတွင် အကောင်းဆုံးဆောင်ရွက်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း စပိန်ဝန်ကြီးချုပ်က ပြောကြားသည်။

တိုးတက်

ထို့ပြင် သိပ္ပံနှင့် နည်းပညာတီထွင်စမ်းသပ်မှု၊ အမျိုးသားနှင့် အမျိုးသမီးများအကြား တန်းတူညီတူ အခွင့်အလမ်းများ မြှင့်တင်ပေးမှုနှင့် ရာသီဥတုပြုပြင်ပြောင်းလဲမှုစသော တိုးတက်မှုများအရှိန်မြှင့်တင်လုပ်ဆောင်နိုင်မည်ဟူ၍လည်း ၎င်းက ယုံကြည်ထားသည်။

သုံးသပ်ပြောကြား

ဝန်ကြီးချုပ် ဇာပရာရိုသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဒီမိုကရေစီရေးတို့တွင် ထူးချွန်ထက်မြက်အောင်မြင်သူတစ်ဦးဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ပြောကြားသည်။ ၎င်း၏ဆိုရှယ်လစ်ပါတီသည် မတ်၉ရက်က အထွေထွေရွေးကောက်ပွဲတွင် ပြန်လည်အနိုင်ရရှိခဲ့သည်။

ရွေးချယ်

ပါလီမန်က ဇာပရာရိုအား ဝန်ကြီးချုပ်အဖြစ် ဒုတိယလေးနှစ် သက်တမ်းအတွက် ပြန်လည်ရွေးချယ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ



မျိုးသုဉ်းပျောက်ကွယ်ခဲ့သော အပင်နှစ်မျိုး ကွင်းစလင်းပြည်နယ်၌ ပြန်လည်တွေ့ရှိ

မဲလ်ဘုန်း ဧပြီ ၁၄

ဩစတြေးလျနိုင်ငံမြောက်ဘက် အစွန်ဖျား၌ ၁၈၀၀ ပြည့်လွန်နှစ်များက မျိုးသုဉ်းပျောက်ကွယ်ခဲ့သော ရှားပါးအပင်နှစ်မျိုးကို ပြန်လည်တွေ့ရှိရပြီဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

ဖော်ပြ

အဆိုပါ အပင်မျိုးစိတ်နှစ်မျိုးကို ကွင်းစလင်းပြည်နယ် မြောက်ဘက်ဖျားရှိ ကိတ်ယောက်ဒေသ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကွင်းစလင်းပြည်နယ်အစိုးရက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ယင်းအပင်နှစ်မျိုးမှာ ပင်ပျော့အပင်ကြီးမျိုးများဖြစ်ကြသည်။ ၎င်းအပင်များကို ရုက္ခဗေဒအခေါ်အရ ရာဖီဒိုစပိုးရားကာဗာနာရမ်(အပေါ်ပုံ)နှင့် တီခရီယမ်အဂျူဂေးစီးယမ်း ဟုခေါ်သည်။

ပြောကြား

ရာဖီဒိုစပိုးရားကာဗာနာရမ်သည် ပင်ပျော့အပင်ကြီးမျိုးဖြစ်သည်။ မီတာ၀က်ခန့် အပင်အမြင့်ရှိကြောင်း ဩစတြေးလျရာသီဥတု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဝန်ကြီး အင်ဒရူးမက်နာမာရာက ပြောကြားသည်။

မတွေ့ရ

ယင်းအပင်အမျိုးအစားကို ၁၈၇၃ ခုနှစ်မှစ၍ ကွင်းစလင်းပြည်နယ်၌ မတွေ့ရတော့ဟု ဆိုသည်။ တီခရီယမ်အဂျူဂေးစီးယမ်း ပင်ပျော့ပင်အမျိုးအစားကို ၁၈၉၁ခုနှစ်နောက်ပိုင်း လုံးဝမတွေ့ရတော့ဟု ဆိုသည်။

ပြန်လည်တွေ့ရှိ

အဆိုပါ တွေ့ရှိချက်ကို စိုက်ပျိုးရေးသိပ္ပံနှင့် ကျွမ်းကျင်သူ၁၀၀ကျော်တို့က သုတေသနပြု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကွင်းစလင်းပြည်နယ်၌ ဒေသမျိုးရင်း အပင်မျိုးစိတ်ပေါင်း ၁၂၀၀၀ရှိသည်။ နှစ်စဉ်သစ်ပင်မျိုးစိတ်သစ် ၅၀ခန့် ကွင်းစလင်းပြည်နယ်၌ ပြန်လည်တွေ့ရှိနေရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

သာမန်ပြည်သူတို့နှင့်ကင်းကွာနေသူ အိုဘားမား သမ္မတရွေးကောက်ပွဲဝင်ရန် ကြိုးပမ်းနေမှု စဉ်းစားစရာဖြစ်ဟုဆို

ဝါရှင်တန် ဧပြီ ၁၄

ပင်ဆယ်ဗေးနီးယားပြည်နယ် မြို့ငယ်လေး၌ နေထိုင်သူများသည် ထွက်ပေါက်မရှိ နာကြည်းလာသည့်အခါ သေနတ်သို့မဟုတ် ဘာသာရေးကို ဖက်တွယ်လာရသည်ဆိုသော ဝေဖန်ပြောကြားချက်များမှာ အိုဘားမား၏အမြင်ကိုပြသလိုက်ခြင်းဖြစ်သည်ဟု ပြိုင်ဘက်ဟီလာရီကလင်တန်နှင့် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းတို့က ဝေဖန်တိုက်ခိုက်လိုက်သည်။

ဟီလာရီကလင်တန်(ဝဲ)နှင့် ဂျွန်မက်ကိန်း(ယာ)

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ဆန်ဖရန်ဆစ္စကို၌ အိုဘားမား၏ဝေဖန်ပြောကြားချက်များမှာ စီးပိုးလွန်းကြောင်း၊ ပင်ဆယ်ဗေးနီးယားပြည်သူများက ၎င်းတို့အပေါ်အထင်သေး၊ အမြင်သေးသည့်သမ္မတမျိုးကို အလိုမရှိကြကြောင်း၊ မြို့ငယ်လေးမှပြည်သူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းအောင် အိုဘားမားက ဝေဖန်ပြောကြားလိုက်ခြင်းကြောင့် မိမိမှာအံ့အားသင့်ရကြောင်း ဟီလာရီကလင်တန်က ဝေဖန်လိုက်သည်။

ထည့်သွင်းပြောကြား

အိုဘားမား၏ ပြောကြားချက်များမှာ အထက်တန်းစားဟန်ပန်ရှိပြီး မိမိထိတွေ့ ဆက်ဆံဖူးသည့် အမေရိကန်ပြည်သူတို့၏ ယုံကြည်ချက်နှင့် တန်ဖိုးထားမှုများ ကင်းကွာနေကြောင်းဖြင့်လည်း ဟီလာရီက ထည့်သွင်းပြောကြားသည်။

ဝေဖန်ပြောကြား

အလားတူပင် အိုဘားမား၏ ဝေဖန်ပြောကြားချက်များနှင့် ပတ်သက်၍ သမ္မတရွေးကောက်ပွဲအတွက် ကြိုးပမ်းနေသည့် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းကလည်း ဝေဖန်လိုက်သည်။ သာမန်အမေရိကန်ပြည်သူများနှင့် ထိုမျှကင်းကွာသူတစ်ဦးအနေဖြင့် သမ္မတရွေးကောက်ပွဲဝင်ရန် ကြိုးပမ်းနေခြင်းမှာ စဉ်းစားမရအောင် ဖြစ်ရသည်ဟု အိုဘားမားအားဝေဖန်လိုက်သည်။

(အင်တာနက်)

အသက် ၇၇နှစ်ရှိ နီပေါတောင်တက်သမားကြီး ဝေရက်တောင်ထိပ်သို့ တက်ရောက်ဦးမည်

ခတ္တမန္ဒူ ဧပြီ ၁၄

ဝေရက်တောင်ကို အမြန်ဆုံးတက်ရောက်နိုင်ခဲ့သော တောင်တက်သမား ပမ်ဘာဒေါ်ဂျီရှာပါသည် ယခုအခါ ကမ္ဘာ့မှတ်တမ်းစာအုပ် ဂင်းနက်စ်မှတ်တမ်းဝင်ရန် ပြင်ဆင်လျက်ရှိသည်။

ဝေရက်တောင်သို့ ခုနစ်ကြိမ်တက်ရောက်နိုင်ခဲ့သည့် ပမ်ဘာသည် နီပေါနိုင်ငံမူစတန်ခရိုင်မှ အသက် ၇၇နှစ်အရွယ်ရှိပြီဖြစ်သော တောင်တက်သမားကြီး မင်ဘဟာဒါရှာချန်းနှင့်အတူ ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်သို့ တက်ရောက်ရန်စီစဉ်လျက်ရှိသည်။

ရေးသားဖော်ပြ

ရှာချန်းသည် ထိုတောင်ထွတ်သို့ တက်ရောက်နိုင်ခဲ့လျှင် ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်တက်နိုင်သည့် အသက်အကြီးဆုံး တောင်တက်သမားဖြစ်လာမည်ဖြစ်ကြောင်း ခတ္တမန္ဒူပို့စ်သတင်းစာက ဧပြီ ၁၂ရက်တွင် ရေးသားဖော်ပြသည်။

တက်ရောက်

မိမိသည် ယခင်ကတည်းက ကမ္ဘာ့အသက်အကြီးဆုံး တောင်တက်သမားဖြစ်လာရန် ဆန္ဒရှိခဲ့ကြောင်း ရှာချန်းက ပြောကြားသည်။ ရှာချန်းသည် မီတာ၆၀၀၀ အထက် တောင်များစွာကို တက်ရောက်ခဲ့သူဖြစ်သည်။ ဂျပန်နိုင်ငံမှ အသက် ၇၁နှစ်ရှိ တောင်တက်သမား ယာနာဂီဆာဝါသည် ၂၀၀၇ခုနှစ် မေ၂၂ရက် က ဝေရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သည်။ ၎င်းသည်လည်း ဝေရက်တောင်ထိပ်သို့ ပြန်လည်တက်ရောက်ခြင်းဖြင့် ကမ္ဘာ့အသက်အကြီးဆုံး တောင်တက်သမားဖြစ်လာရန် ကြိုးစားလျက်ရှိသည်။ သို့သော်လည်း နီပေါတောင်တက်သမားကြီး ရှာချန်းသည် ဝေရက်တောင်ထိပ်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့လျှင် ကမ္ဘာ့ အသက်အကြီးဆုံးတောင်တက်သမား ဖြစ်လာမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟဂ္ဂူဆန်နဲ့ ရီကတ်တို့ စီးချင်းထိုးကြမယ့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြမယ့် လီဗာပူးနဲ့ ချယ်လ်ဆီး

လန်ဒန် ဧပြီ ၁၄

ဥရောပရဲ့ အကြီးအကျယ်ဆုံးဘောလုံးပြိုင်ပွဲဖြစ်တဲ့ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲရဲ့ အကြိုဗိုလ်လုပွဲကို ဧပြီ ၂၂ရက်နဲ့ ၂၃ရက်တွေမှာ ဆက်လက်ကျင်းပမှာဖြစ်ပြီး ဧပြီ ၂၂ရက်မှာ လီဗာပူးနဲ့ ချယ်လ်ဆီး၊ ဧပြီ ၂၃ရက်မှာ ဘာစီလိုနာနဲ့မန်ယူတို့ ရေကုန်ရေခန်း ယှဉ်ပြိုင်ကြရပါတော့မယ်။ ဒီအကြိုဗိုလ်လုပွဲမှာ အိမ်ကွင်းမှာ အရေးသာဖို့ လီဗာပူးနဲ့ ဘာစီလိုနာတို့က ကြိုးစားမှာဖြစ်သလို အဝေးကွင်းမှာ အခြေအနေကောင်းနိုင်ဖို့အတွက် ချယ်လ်ဆီးနဲ့ မန်ယူတို့ကလည်း အပြတ်အသတ်ကစားကြမှာမို့ ရင်ဖိုစရာကောင်းတဲ့ပွဲစဉ်တွေအဖြစ် ရှုစားကြရမှာ ဖြစ်ပါတယ်။

ဘာစီလိုနာနှင့် မန်ယူ

ချန်ပီယံလိဂ်မှာတော့ ပြိုင်ဘက်ကောင်းနှစ်သင်း ဆုံတွေ့တဲ့ပွဲပါပဲ။ ဘာစီလိုနာကွင်းမှာ မန်ယူနဲ့ဘာစီလိုနာတို့ ဆုံတိုင်းဘယ်အသင်းမှ အသာစီး မရပါဘူး။ ဘာစီလိုနာဟာ ချန်ပီယံလိဂ်အုပ်စု(င)မှာ လိုင်ယွန်၊ ရိန်းဂျား၊ စတုဂတ်အသင်းတွေနဲ့ တစ်အုပ်စုထဲကျပြီး အုပ်စုပွဲတွေကစားခဲ့တဲ့အခါ လေးပွဲနိုင်၊နှစ်ပွဲသရေ၊ ရှုံးပွဲမရှိနဲ့ အုပ်စုပထမရခဲ့ပါတယ်။ ဒုတိယအဆင့်အုပ်စုပွဲမှာ ဆဲလ်တစ်အသင်းကို နှစ်ကျော့စလုံး ရလဒ်လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး ကွာတားဖိုင်နယ်ကို ရောက်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ ရှော်လ်ကေးအသင်းကို နှစ်ကျော့စလုံး ရလဒ်နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို တက်ရောက်လာတာဖြစ်ပါတယ်။ ဘာစီလိုနာရဲ့ အဓိကအားထားစရာဖြစ်တဲ့ တိုက်စစ်မှူး မက်ဆီဟာ ဒဏ်ရာက သက်သာလာပြီဖြစ်လို့ မန်ယူနဲ့ပွဲမှာ ပါဝင်ကစားမှာ သေချာပါတယ်။ မက်ဆီဟာ ချန်ပီယံလိဂ်မှာ ခြောက်ဂိုးသွင်းထားသူဖြစ်တာမို့ မန်ယူက ချန်ပီယံလိဂ်မှာ ရှစ်ဂိုးသွင်းထားတဲ့ ဒိုလေးနဲ့တော့ ဒီပွဲမှာ အားပြိုင်ကြပါလိမ့်မယ်။ ဘာစီလိုနာမှာ အီတူးက လာလီဂါပွဲစဉ်တွေမှာ ၁၄ ဂိုးအထိ သွင်းပေးထားနိုင်သလို ရော်နယ်ဒင်ဟိုနဲ့ အွန်နရီတို့ကလည်း ဂိုးသွင်းအားကောင်းတဲ့သူတွေမို့ မန်ယူတို့ သတိကြီးကြီး ထားရပါလိမ့်မယ်။ ဒါပေမယ့် ရာသီကုန်ချိန်မှာ ခြေစွမ်းကျလာတဲ့ ဘာစီလိုနာဟာ နောက်ဆုံးခြောက်ပွဲကစားခဲ့တဲ့ ရလဒ်ကို ကြည့်ရင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားတာမို့ ရလဒ်ကတော့ အားရစရာ မရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းဆိုပေမယ့် ဘာစီလိုနာတို့ အသာစီးရဖို့တော့ သိပ်မလွယ်ပါဘူး။

ဗျူဟာခင်း

အဝေးကွင်းမှာ ကစားရမယ့် မန်ယူတို့ကတော့ ဒီနှစ်ပရီမီယာလိဂ်ဖလားရော၊ ချန်ပီယံလိဂ်ဖလားကိုပါ တစ်ပြိုင်နက်တည်း ချိန်နေပြီမို့ ဒီပွဲကို အနိုင်ရအောင် နည်းပြဖာဂူဆန် ဗျူဟာခင်းပါလိမ့်မယ်။ ဒါကြောင့် ဒီဖလားနှစ်လုံးရယူဖို့ လက်တစ်ကမ်းအလိုရောက်လာတဲ့ အနေအထားမို့ မန်ယူ ကစားသမားတွေလည်း အောင်စိတ်တွေ ဆူဝေနေချိန်ပါပဲ။ မန်ယူဟာ ချန်ပီယံလိဂ် အုပ်စု (ခ)မှာပါဝင်ပြီး ရိုးမား၊ စပို့တင်း၊ ဒိုင်နမိုကိဗ်အသင်းတွေနဲ့ တစ်အုပ်စုတည်း ကျခဲ့ပါတယ်။ အုပ်စုပွဲစဉ်တွေကစားခဲ့တဲ့အခါ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိနဲ့ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်ကို တက်ရောက်လာခဲ့ပြီး ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်မှာ မန်ယူက လိုင်ယွန်အသင်းကို နှစ်ကျော့စလုံးရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ တစ်အုပ်စုတည်းကျခဲ့တဲ့ ရိုးမားအသင်းကို နှစ်ကျော့ ရလဒ်သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို တက်ရောက်လာခဲ့ခြင်းလည်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ အခုလိုအကြိုဗိုလ်လုပွဲရောက်တဲ့အထိ ဂိုးပေါင်း ၂၁ဂိုးသွင်းနိုင်ခဲ့တာမို့ ချန်ပီယံလိဂ်အကြို

ဘာစီလိုနာအတွက် လာလီဂါ၌ ဂိုးအများဆုံး သွင်းပေးထားသူ အီတူး။

ဗိုလ်လုပွဲတက်ရောက်လာတဲ့ အသင်းတွေထဲမှာတော့ ဂိုးအများဆုံးသွင်းယူထားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ မန်ယူရဲ့ တောင်ပံကစားသမားဒိုလေးဟာ ချန်ပီယံလိဂ်ပွဲစဉ်တိုင်းနီးပါး ဂိုးသွင်းနေတာမို့ ဒီပွဲမှာ ဘာစီလိုနာတိုက်စစ်မှူးတွေနဲ့တော့ အပြိုင်ကြဲရမယ့်ပွဲပါပဲ။ မန်ယူရဲ့ လက်ရှိအနေအထားကို ကြည့်ရင် ဗီဒစ်၊ ဆာဟာတို့ကလွဲရင် အဓိက ကစားသမားတွေ ထိခိုက်ဒဏ်ရာ ကင်းရှင်းနေတာမို့ ဖာဂူဆန် လူစုံထုတ်ခင်းကျင်းနိုင်မှာ ဖြစ်ပါတယ်။ မန်ယူဂိုးသမား ဗန်ဒါဆာလည်း လက်စွမ်းပြနိုင်နေသလို တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်လည်း မြင့်မားနေချိန် ရောက်နေပါတယ်။မန်ယူရဲ့တိုက်စစ်မှူးတွေက ပရီမီယာလိဂ်မှာလည်း ၃၄ ပွဲကစားပြီးချိန်မှာ ၇၂ ဂိုးသွင်းယူပြီး တန်းစီဇယားထိပ်ဆုံးကို စိုးမိုးထားနေချိန်ပါပဲ။ မန်ယူရဲ့နောက်ဆုံးကစားခဲ့တဲ့ ဘောလုံးပွဲခြောက်ပွဲ ရလဒ်ကိုကြည့်ရင် ငါးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိပါဘူး။ မန်ယူတို့ သတိထားရမှာက နောက်တန်းပါပဲ။ အမှားအယွင်းလုပ်တတ်တဲ့ မန်ယူခံစစ်မှူးတွေကို ဖာဂူဆန် အမြန်ပြုပြင်ပြီး ဘာစီလိုနာကွင်းကို

ပရီမီယာလိဂ်နှင့်ချန်ပီယံလိဂ်တို့တွင် မန်ယူအတွက် ဂိုးအများဆုံး သွင်းပေးထားသည့် ဒိုလေး။

နည်းပြရီကတ်နဲ့ စီးချင်းထိုးဖို့ ချီတက်နိုင်ရင်တော့ ခြေပျက်နေတဲ့ ဘာစီလိုနာတို့ကို ရင်ဆိုင်ကျော်လွှားပြီး အနိုင်ရလဒ်ကို ရနိုင်ပါတယ်။

လီဗာပူးနှင့် ချယ်လ်ဆီး

ချန်ပီယံလိဂ်မှာ အစဉ်အလာကြီးတဲ့ လီဗာပူးကို ချယ်လ်ဆီးတို့ ဘယ်လိုရင်ဆိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ထက် ချန်ပီယံလိဂ်မှာ ခြေစွာလွန်းတဲ့ လီဗာပူးဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာ နာမည်ကြီး အာဆင်နယ်ကို နှစ်ကျော့ရလဒ် ငါးဂိုး-သုံးဂိုးနဲ့ ပြတ်ပြတ်သားသား နှိပ်ကွပ်ပြီး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို တက်ရောက်လာတဲ့ အသင်းဖြစ်ပါတယ်။ လီဗာပူးမှာ တောရက်စ်၊ ဘာလယ်လ်၊ ဒရက်ကွတ်တို့က ပွဲရလဒ်ကို အချိန်မရွေး ပြောင်းလဲပစ်နိုင်သူတွေဖြစ်ပြီး နည်းပြဘင်နီတက်ဇ်ရဲ့ အားကိုးရတဲ့ လက်ရုံးတွေပါပဲ။ လီဗာပူးဟာ ချန်ပီယံလိဂ် ဒုတိယအဆင့်အုပ်စု ရှုံးထွက်ပွဲစဉ်မှာ အင်တာမီလန်အသင်းကို နှစ်ကျော့ရလဒ်၌ သုံးဂိုးပြတ်နဲ့ ဖြုတ်ထားနိုင်ခဲ့တာမို့ လီဗာပူးရဲ့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအရောက် လျှောက်လှမ်းခဲ့ရတဲ့ ခရီးလမ်းရလဒ်ကလည်း ချယ်လ်ဆီးနည်းပြဂရန့်ကို ကျောချမ်းစရာ ဖြစ်နေစေပါတယ်။ လီဗာပူး အသင်းမှာ လောလောဆယ် ထိခိုက်ဒဏ်ရာ ရထားသူမရှိတဲ့အပြင် ဘင်နီတက်ဇ်ရဲ့ လျှို့ဝှက်တိုက်စစ်မှူး ခရော့ချ်ကလည်း အချိန်မရွေး ဂိုးသွင်းနိုင်တာမို့ ချယ်လ်ဆီးတို့ သတိထားရပါလိမ့်မယ်။ လီဗာပူးရဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းခြောက်ပွဲမှာ လီဗာပူးတို့တစ်ပွဲမှ မရှုံးသေးတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ အလေးသာနိုင်တဲ့ပွဲပါပဲ။

တက်ရောက်

ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်မှာ ဖလားရရှိရေး မျှော်လင့်ချက်တွေနဲ့ ရုန်းကန်နေရတဲ့ ချယ်လ်ဆီးဟာ ချန်ပီယံလိဂ်မှာတော့ ကံမကောင်းတတ်တဲ့အသင်းဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ချန်ပီယံလိဂ် ဒုတိယအဆင့် အုပ်စုပွဲစဉ် ရှုံးထွက်အဆင့်မှာ အိုလံပီယာကို့စ်အသင်းကို နှစ်ကျော့ရလဒ် သုံးဂိုး-ဂိုးမရှိ အနိုင်ရယူပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့သလို ကွာတားဖိုင်နယ်မှာ ဖီနာဘာချီအသင်းကို နှစ်ကျော့ရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ အောင်ပွဲခံကာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို တက်ရောက်လာတာ ဖြစ်ပါတယ်။ လီဗာပူးတို့ထက်စာရင် ချယ်လ်ဆီးတို့ ပွဲချောင်ခဲ့တယ်လို့ ဆိုရမှာဖြစ်တာမို့ အခုလီဗာပူးနဲ့ တွေ့မယ့်ပွဲကတော့ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြတဲ့ ပွဲပါပဲ။

အားပေးရမှာဖြစ်

ချယ်လ်ဆီးရဲ့ တိုက်စစ်အပိုင်းကို ကြည့်ရင် ဒရော့ဘာနဲ့ အနယ်လ်ကာတို့က တစ်ဖက်နောက်တန်းကို အားကောင်းကောင်းနဲ့ထိုးဖောက်ဂိုးသွင်းနိုင်တာမို့ တောရက်စ်နဲ့ ဘာဘယ်တို့ထက် အဝင်အထွက်ရဲကြသူတွေ ဖြစ်ပါတယ်။ ခံစစ်ပိုင်းမှာလည်း တယ်ရီဦးဆောင်တဲ့ ချယ်လ်ဆီးခံစစ်မှူးတွေက ဟစ်ပီယာ ဦးဆောင်တဲ့ လီဗာပူးခံစစ်မှူးတွေနဲ့ အားချင်းတော့မျှနေပါတယ်။ ကွင်းလယ်မှာ ဂျရတ်နဲ့အလွန်ဆိုတို့က ချယ်လ်ဆီးမှ လမ်းပတ်နဲ့ အက်စီယန်တို့ကို ယှဉ်နိုင်တာမို့ ဒီပွဲဟာတကယ့်ကို အကြိတ်အနယ် ကစားရမယ့်ပွဲပါပဲ။ ဒီပွဲအနေအထားကိုကြည့်ရင် ချန်ပီယံလိဂ် သူရဲကောင်းတစ်ဦးလို ရပ်တည်နေတဲ့ အိမ်ရှင်တို့ဘက်ကပဲ အားပေးရမှာဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ - သုံးသပ်ရေးသားသည်

မန်ယူနှင့် အာဆင်နယ်တို့ ပွဲအပြီး နည်းပြတို့ပြောစကား

လန်ဒန် ဧပြီ ၁၄

ပရီမီယာလိဂ်ပွဲစဉ်(၃၄)အဖြစ် မန်ယူနှင့်အာဆင်နယ်တို့ အိုးထရက်ဖို့ဒ်၌ ဧပြီ ၁၃ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအနိုင်ရရှိသဖြင့် မန်ယူတို့ ပရီမီယာလိဂ် ဖလားရယူရေး နီးစပ်သွားပြီ ဖြစ်သော်လည်း အာဆင်နယ်တို့ ယခုနှစ်၌ ပရီမီယာလိဂ် ဖလားရယူရေး လက်လျှော့လိုက်ရပြီ ဖြစ်သည်။

ယခုပွဲစဉ်နှင့်ပတ်သက်ပြီး မန်ယူနည်းပြ ဖာဂူဆန်က "ဒီပွဲရလဒ်ကတော့ ဂုဏ်ယူစရာလည်းကောင်းပြီး အဖိုးတန်တဲ့ရလဒ်လဲ ဖြစ်ပါတယ်။ မန်ယူအတွက် ဖလားရရေး လမ်းပွင့်သွားခဲ့တဲ့ပွဲပါပဲ။ ကျွန်တော့်လူတွေ ကစားတာကောင်းပါတယ်။ ဒီပွဲမှာ ဟားဂရေ့ဗ် သွင်းသွားတဲ့ဂိုးက အလွန်ပြောင်မြောက်တဲ့ဂိုးပါပဲ" **ဟု ပြောကြားသွားသည်။**

မန်ယူကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တဲ့ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကလည်း "ဒီပွဲဟာ ကျွန်တော်တို့ မရှုံးသင့်တဲ့ပွဲပါ။ ဒါပေမယ့် မန်ယူကစားသမားတွေက အဆုံးသတ်ဂိုးသွင်းတာ ကောင်းတာမို့ ရှုံးပွဲကြုံတွေ့လိုက်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကံခေတာလည်း ပါဝင်ပါတယ်။ ကျွန်တော်တို့ ပရီမီယာလိဂ်ဖလားကို လက်လျှော့လိုက်ပါပြီ" **ဟု အာစင်ဝင်းဂါးက ဝန်ခံပြောကြားသွားသည်။** (အင်တာနက်)

ရီးရဲက မာစီယာကို ဘာနေဗျူး၌ ၁၀ဦးဖြင့် အနိုင်ကစား လက်ရှိလာလီဂါချန်ပီယံဆုဖလား ကာကွယ်နိုင်ရန်နီးစပ်လာ

မက်ဒရစ် ဧပြီ ၁၄

စပိန်လာလီဂါ ပွဲစဉ်(၃၂) ပြိုင်ပွဲများကို ဧပြီ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ရှိချန်ပီယံ ရီးရဲမက်ဒရစ်အသင်းသည် အိမ်ကွင်းဘာနေဗျူး၌ တန်းဆင်းဇုန်ခြိမ်းခြောက်ခံနေရသော မာစီယာအသင်းကို ၁၀ယောက်တည်းဖြင့် ခံကစားပြီး ရမှတ်သုံးမှတ် ရယူလိုက်နိုင်သည်။

ရီးရဲမက်ဒရစ်အသင်းသည် လွန်ခဲ့သော ပြိုင်ပွဲလေးပွဲကစားခဲ့ရာတွင် ယခုပြိုင်ပွဲသာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရီးရဲတို့အိမ်ကွင်း၌ အနိုင်ပွဲရရှိရေး အကြိတ်အနယ် ထိုးဖောက်ကစားရာ ပွဲချိန်မိနစ် ၂၀တွင် ရီးရဲကစားသမား မီဂယ်တောရက်စ်က မာစီယာနောက်တန်းလူ အကွီနိုအား ကြမ်းတမ်းစွာကစားခဲ့မိ၍ ကွင်းလယ် ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ပြပြီး ထုတ်ပယ်လိုက်သည်။

အနိုင်ဂိုး

ရီးရဲမက်ဒရစ်တို့ တစ်ယောက် အထုတ်ခံလိုက်ရသဖြင့် ကစားကွက်ဟာနေသော်လည်း ဒုတိယပိုင်း အစတွင် ဒတ်ချ်လက်ရွေးစင် ရီးရဲကွင်းလယ်ကစားသမား စနိုက်ဒါက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် လက်ကျန်ပွဲခြောက်ပွဲ ကစားရန် ကျန်ရှိနေသေးသည်။ အမှတ်ပေးဇယားတွင် ဖ၉မှတ်ဖြင့် ဒုတိယနေရာမှ ဘာကာထက် ကိုးမှတ်အသာရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်နေသည်။

သရေသာ

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲရောက် ဘာကာသည် ရီခရီယေးတီဗိုအသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေသာ ကစားနိုင်ခဲ့သည်။

ထိန်းထား

အက်သလက်တီကို အသင်းသည် ဗယ်လာဒိုးလစ်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကစားခဲ့သည်။ ဆီဗီလာက မာယောကာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်သည်။ သို့သော်လည်း အက်သလက်တီကိုအသင်းသည် အမှတ်ပေးဇယားတွင် စတုတ္ထနေရာရထား၍ ချန်ပီယံလိဂ်ဝင်ခွင့်နေရာကို ဆက်ထိန်းထားနိုင်ခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

စီးရီးအေပြိုင်ပွဲ ပြီးဆုံးချိန်နီးလာ ရိုးမားနှင့် အင်တာ အပြိုင်ပြေးနေကြ

မီလန် ဧပြီ ၁၄

အီတလီစီးရီးအေ ပွဲစဉ် (၃၃) ကို ဧပြီ ၁၃ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားက အူဒီးနိစ်ကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်၍ အင်တာမီလန်နောက်မှ လေးမှတ်အကွာ ဆက်လိုက်နေဆဲဖြစ်သည်။

လက်ရှိချန်ပီယံ အင်တာမီလန်က စတုတ္ထနေရာမှ ဖီအိုရင်တီးနားကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ရိုးမားနှင့် အင်တာမီလန်တို့သည် လက်ကျန်ပွဲကစားရန် ငါးပွဲသာကျန်တော့သည်။ ဖလားဆွတ်ခူးရန် အနီးကပ်ပြိုင်ပွဲ ဖြစ်လာသည်။

တန်းဆင်းဇုန်ရောက် ကက်ဂရီယာရီက လီဗော်နိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ တန်းဆင်းဇုန် လွတ်မြောက်ပြီး မျှော်လင့်ချက် ပြန်လည်ရှင်သန်လာသည်။ တန်းဆင်းဇုန်တွင် ရုန်းကန်နေရသော ရက်ဂျီနားက ဆမ်ဒိုးရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ ရမှတ်သုံးမှတ်ပိုင်ဆိုင်သွားသည်။ အမ်ပိုလီက ပါးမားကို အိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီ သရေကစားသည်။ အမှတ်ပေးဇယား တတိယနေရာရောက် ဂျူဗင်းတပ်စ်က ပဉ္စမနေရာရောက် အေစီမီလန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ အေစီတို့ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေး အတွက် ဆက်လက် တိုက်ပွဲဝင်ရဦးမည် ဖြစ်သည်။ (အင်တာနက်)

ကင်ညာအပြေးသမား မာတင်လီလ် လန်ဒန်မာရသွန် တတိယအကြိမ် ဗိုလ်စွဲ

လန်ဒန် ဧပြီ ၁၄

ကင်ညာအပြေးချန်ပီယံ မာတင်လီလ်သည် ဧပြီ ၁၃ ရက်က လန်ဒန်မာရသွန်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့၍ လေးနှစ်အတွင်း တတိယအကြိမ်မြောက် ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

လီလ်သည်၂နာရီ ၅မိနစ် ၁၅ စက္ကန့်ဖြင့် တစ်နိုင်ငံတည်းသား ဆမ်မြူရယ်ဝမ်ဂျီရုအား အနီးကပ်ဖြတ်ကျော် ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ဆမ်မြူရယ်၏ စံချိန်မှာ ၂ နာရီ ၅ မိနစ် ၂၄ စက္ကန့် ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီးပြိုင်ပွဲတွင် ဂျာမနီမှအပြေးချန်ပီယံ အီရီနာမီကီဆန်ကိုသည် စံချိန် ၂နာရီ ၂၄မိနစ် ၁၄ စက္ကန့်ဖြင့် ပန်းဝင် ဗိုလ်စွဲခဲ့သည်။ ရုရှားမှ ဆဗက်လန်တာက စံချိန် ၂ နာရီ ၂၄ မိနစ် ၃၉ စက္ကန့်ဖြင့် ဒုတိယရပြီး အီသီယိုးပီးယား အပြေးမယ် ဂေတေးဝါမီက တတိယကြေးတံဆိပ်သာ ဆွတ်ခူးနိုင်ခဲ့သည်။

ကင်ညာအပြေးသမား လီလ်သည် ၂၀၀၂ ခုနှစ်က လန်ဒန်မာရသွန်ပြေးပွဲတွင် အကောင်းဆုံးစံချိန်တင်ထားသော ခါလစ်ခန်နိုချီ၏ ၂နာရီ ၅မိနစ် ၃၈စက္ကန့်ကို ချိုးနိုင်ခဲ့သည်။ **(အင်တာနက်)**

● ဒီမိုကရေစီ ရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

● ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေအတည်ပြုပေး။

● *ကျော်ဖုံးမှ*

အထူးသဖြင့် ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ်များ အစီအရီ တည်ဆောက်ရေကစားကြရာ၌ အင်းလျားလမ်းတွင် ရေကစားမဏ္ဍပ်ပေါင်း၆၁ခုရှိရာ အစည်ကားဆုံးဖြစ်သည်။ အင်းလျားလမ်း၌ ကုမ္ပဏီလီမိတက်များ၏ ရေကစားမဏ္ဍပ်များမှာ အများဆုံးဖြစ်ကြပြီး ရေပက်ကစားကြရာ၌ တေးသီချင်းသံများ အသံမစဲအောင် ပျံ့လွင့်လျက်ရှိပြီး မြူးတူးကခုန်ကြသူများ၊ ရေပက်ခံမော်တော်ယာဉ်များ၊ ခြေကျင်လျှောက် ရေပက်ခံကြသူများအပြင် ရေကစားတေးဂီတ တေးသီချင်းများ ဖွင့်လှစ်၍ လည်းကောင်း မြူးတူးပျော်ရွှင်စွာ ကခုန်ကြလျက် အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည်။

ဗိုလ်တထောင်

ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနှင့် ၄၈လမ်းထောင့်ရှိ မိသားစုမဏ္ဍပ်၊ ပိတောက်ရိပ်မဏ္ဍပ်၊ ဗိုလ်မြတ်ထွန်းလမ်းရှိ နေခြည်ပွင့်မဏ္ဍပ်၊ မဟာဗန္ဓုလ လမ်းပေါ်ရှိ ပိတောက်ရိပ် မဏ္ဍပ်တို့၌လည်း ရေကစားကြသူများနှင့် ရေပက်ခံကစားကြသူများသည် မြူးမြူးကြွကြွ

မဟာသင်္ကြန် ပထမအကြတ်နေ့က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆လမ်းထိပ်ရှိ ဂရိတ်ဝေါ ရေကစားမဏ္ဍပ်တွင် တပျော်တပါး ရေကစားကြစဉ်။

(မြန်မာ့အလင်း)

ကြသူများ လွယ်ကူစွာ ဝယ်ယူစားသောက်နိုင်သည့်အသားကင်အမျိုးမျိုး၊ အကြော်မျိုးစုံ၊ ထမင်းနှင့် ဟင်းဘူးများ၊ ဒံပေါက်ထမင်း၊ အချိုရည်အမျိုးမျိုး အရောင်းဆိုင်များဖြင့် တိုးမပေါက်လောက်အောင် အထူးစည်ကား များပြားလျက်ရှိသည်။

ပျော်ရွှင်မြူးတူး

ထို့အတူ တက္ကသိုလ်ရိပ်သာလမ်း၌လည်း ရေကစားမဏ္ဍပ်ပေါင်း ၃၆ခု ဖွင့်လှစ်၍ "နိုင်"မိသားစု ကုမ္ပဏီလီမိတက် ရေကစားမဏ္ဍပ်၌ တေးသံရှင်များ၊ ရုပ်ရှင်နှင့် ကြော်ငြာသရုပ်ဆောင်များက တေးဂီတများဖြင့် ဖျော်ဖြေ၍ လည်းကောင်း၊ စီးပွားရေးလုပ်ငန်း ကုမ္ပဏီလီမိတက်များ၏ ရေကစားမဏ္ဍပ်များ၌ ခေတ်ပေါ်တေးသံများနှင့်အတူ တပျော်တပါး ကခုန်မြူးတူး ရေကစားကြသည်။

ပုဇွန်တောင်

ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရွှေရုပ်လွှာမဏ္ဍပ်၊ ရေကျော်လမ်းရှိ မိတ်ဆွေကောင်းမဏ္ဍပ်၊ လမ်း ၅၀ထိပ်ရှိ လူငယ်လေးများမဏ္ဍပ်၊ ဗိုလ်တထောင်ဘုရားလမ်းရှိ တုန်းတာကုမ္ပဏီမဏ္ဍပ်တို့၌လည်း သင်္ကြန်ချစ်သူလုပ်ျိုပျိုဖြူများ၊ လူငယ်လူရွယ်လေးများတို့သည် တေးသံသာများနှင့်အတူ အေးချမ်း ပျော်ရွှင်စွာ ရေပက်ကစားကြသည်ကိုတွေ့ရသည်။

အေးချမ်းပျော်ရွှင်

ကျောက်တံတား မြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းတစ်လျှောက်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းတွင် လည်းကောင်း၊ ရပ်ကွက် အလိုက်၊ လမ်းအလိုက် ရေကစားမဏ္ဍပ်များတွင်လည်းကောင်း တေးသံသာများဝေစည်လျက်ရေကစားကြသည်။ လသာမြို့နယ်၌ (၁၉)လမ်း မိသားစုမဏ္ဍပ် အပါအဝင် လမ်းအလိုက် ရေကစားမဏ္ဍပ်များတွင် စတုဒိသာမဏ္ဍပ်များဖြင့် ကျွေးမွေးလှူဒါန်းခြင်း၊ ရုပ်ရှင်နှင့် ကြော်ငြာသရုပ်ဆောင်များ၊ အဆိုတော်များက သွက်လက်မြူးကြွသောတေးသီချင်းများ သီဆိုဖျော်ဖြေကြပြီး ရေကစားမဏ္ဍပ်မိသားစုများက အေးချမ်းပျော်ရွှင်စွာ ကခုန် ရေပက်ကစားကြသည်။

ထူးခြားများပြား

ထို့အပြင် လမ်းများ၌ ရေတိုင်ကီများ၊ ရေစည်များ၊ ရေပိုက်များဖြင့် ရေကစားကြသူများမှာ ရပ်ကွက်တိုင်း၊ လမ်းတိုင်းတို့၌ တွေ့ရှိကြရပြီး လမ်းလျှောက် ရေပက်ခံထွက်ကြသူများမှာလည်း ယခုနှစ်၌ ထူးခြားစွာ များပြားသည်ကို တွေ့ရသည်။

အနားယူအပန်းဖြေ

ရန်ကုန်မြို့ မြို့နယ်အသီးသီးတို့မှ မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်ကြသူများသည် ရေကစားမဏ္ဍပ်များ ခေတ္တရပ်နားသည့် မွန်းတည့်ချိန်တွင် ကန်တော်ကြီး မြေပဒေသာကျွန်း၊ ကရဝိက်ကျွန်း၊ ပန်းကန်လုံးကျွန်း၊ အင်းလျားကန်နှင့် သစ်ပင်အရိပ်အာဝါသကောင်းရာနေရာများ၌ ခေတ္တ အေးရိပ်ခိုကြကာ နံနက်စာစားသောက်၍ အနားယူအပန်းဖြေကြပြီး ရေကစားမဏ္ဍပ်များ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပြန်လည် ရေပက်ခံထွက်ကြသည်။

ဤကဲ့သို့ ရန်ကုန်မြို့၏ မဟာသင်္ကြန်အတာရေသဘင်ပွဲကိုအေးချမ်းပျော်ရွှင်စွာ ပြည်သူများ ရေကစားကြရာတွင် မလိုလားအပ်သော ယာဉ်ထိခိုက်မှုအန္တရာယ်များ မဖြစ်ပေါ်စေရန်အတွက် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက "ရိုးရာသင်္ကြန်ကာလ သတိပြုရန်" ကြေညာချက် ထုတ်ပြန်သတိပေးထားပြီး **"သင့်ကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**ဟု ထပ်ဆင့်နှိုးဆော်ထားသည်။ အဆိုပါ ကြေညာချက်၌ သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အချက်အချာကျသော လမ်းဆုံလမ်းခွ မီးပွိုင့်များတွင် ခေတ်မီ ပစ္စည်းကိရိယာများဖြစ်သော CCTV Camera, Red Light Camera များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သူများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးထားပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

(သတင်းစဉ်)

မဟာသင်္ကြန် ပထမအကြတ်နေ့က ရန်ကုန်မြို့ အနော်ရထာလမ်းရှိ ရေကစားမဏ္ဍပ်တွင် ရေပက်ကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

အင်းလျားလမ်းမိသားစု

ရန်ကုန်မြို့ အင်းလျားလမ်း Shoe Gallery မိသားစု၏ ၁၃၆၉ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ရေကစားမဏ္ဍပ်ကို မဟာသင်္ကြန်အကျနေ့က တွေ့ရစဉ်။

(မြန်မာ့အလင်း)

ဇမ္ဗူလုံးချမ်းသာစေတီတော် ဗုဒ္ဓပူဇနီယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၄

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ဆကာကြီးတိုက်နယ် အရှေ့ဘက်ကမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်သည့် ဇမ္ဗူလုံးချမ်းသာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၀ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၁၄ရက်၊ ဧပြီ ၁၉ရက် (စနေနေ့)မှ ဧပြီ၂၇ရက်အထိ ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ပွဲ၊ သပိတ်လုံးလောင်းလှူပွဲ၊ ဓမ္မသဘင်ပွဲနှင့် ဇာတ်သဘင် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်၊ ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့ရှိသူ	ထောင်(၁)နှစ်
၂။ ကစားသူ	ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရိုးရာသင်္ကြန်ကာလ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။

(၁) မူးယစ်သောက်စားယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ် အတုများ၊ အခြားယာဉ် နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗိုးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA , RED LIGHT CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးထားပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

တပျော်တပါး ပျော်ရွှင်စွာ ရေကစား

မဟာသင်္ကြန် ပထမ အကြတ်နေ့က ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ စိန်ဘယက် ရေကစားမဏ္ဍပ်တွင် တပျော်တပါး ပျော်ရွှင်စွာ ရေကစားကြစဉ်။

(မြန်မာ့အလင်း)

ချမ်းမြေ့ကြည်နူး နှစ်သစ်ဦး

* ပုရစ်ဝေဖူး၊ နှစ်ဦးချိန်ခါ
သင်္ကြန်မိုးဖျန်း၊ အေးချမ်းသာယာ
သိန်သရေမောက်၊ ပိတောက်ဝါဝါ
လေချိုညင်း၊ မွှေးသင်းဝေစည်ဖြာ။

* ရေသဘင်ပွဲ၊ ဆင်နွှဲပျော်ရွှင်
ကောင်းမှုဒါန၊ ပြုကြသည်ပင်
ခေါင်းလျှော်ရေချိုး၊ ဘိုးဘွားကြည်လင်
ဘေးမဲ့ပေး၊ လွတ်ရေးဆုပန်ဆင်။

* ကျောင်းကန်ဘုရား၊ စည်ကားသာယာ
ဥပုသ်သီလ၊ စောင့်ကြသူငါ
ဉာဏ်ဝတ်ကိုပြု၊ စတုဒိသာ
အမြိုက်ဆေး၊ တိုက်ကျွေးဒေသနာ။

* သပြေခက်နဲ့၊ ရေခွက်ကိုယ်စီ
တစ်လှည့်စီဖျန်း၊ ရွှင်လန်းချိုကြည်
တူးပို့တူးပို့၊ မြူးလို့ပျော်သည်
နှစ်သစ်ကူး၊ ကြည်နူးချမ်းမြေ့စည်။ ။

ပညာသု

နှစ်ဦးချိန်ခါ ပထမအကြတ် သည်အတာ ပျော်ရွှင်ဆင်နွှဲ ခြိမ့်ခြိမ့်သဲ

ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က စီစဉ်ကျင်းပသည့် ၂၀၀၈ ခုနှစ် ပဉ္စမအကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို ရန်ကုန်သိမ်ဖြူ ယာဉ်မောင်းသင်ကွင်း၌ကျင်းပရာ ကျောက်တော်မြို့နယ်မှ ကစ္ဆပပျိုဖြူ ရေလောင်းမဏ္ဍပ်တွင် ရိုးရာသင်္ကြန်ပွဲ ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)



မဟာသင်္ကြန် ပထမအကြတ်နေ့က ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်တွင် ပျော်ရွှင်စွာ ရေပက်ကစားနေစဉ်။
(မြန်မာ့အလင်း)

မဟာသင်္ကြန် ပထမအကြတ်နေ့က ပန်းဆိုးတန်းလမ်း၌ ရေပက်ခံကားများ၊ ရေပက်ကြသူများဖြင့် ဤသို့ စည်ကားစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

အနော်ရထာလမ်း ဂန္ဓဝင်သင်္ကြန် မဏ္ဍပ်

မဟာသင်္ကြန် ပထမ အကြတ်နေ့က အနော်ရထာ လမ်းတွင် ရေပက်ခံသူများကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

နှစ်ဆန်းငယ်သင်္ကြန် သစ်သစ်သာဖန်တော့

ရွှေဘိုသိရိမာလာ

"ထပ်ထပ်သာစောတော့တယ် မြကြောငယ်ရစ်သီ၊ ကိုက်ဖူးငယ်စီသည်၊ ပွင့်သီဂီရွှေရင် ခတ်ကယ်တို့၊ ရှစ်ရပ်ကယ်နယ်တစ်ခိုက၊ စိုလှတယ်လေး၊ နွေခါမီရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စမွယ်ကွန့်ကာ၊ တိမ်ဖွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး"

(မဟာအတုလမင်းကြီး၏တန်ခူးလဖွဲ့)

အတာသင်္ကြန်ဆိုသည်မှာ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသောအချိန်အခါဖြစ်သည်။ နှစ်ဟောင်း၏ အညစ်အကြေးများကို သန့်စင်ဆေးကြော၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် တစ်ဦးနှင့်တစ်ဦး ရေစင်ရေမွှေး ပက်ဖျန်းလေ့ရှိကြသည်။

ခါသင်္ကြန်တွင် လူကြီးလူငယ်မရွေး ပျော်ပျော်ပါးပါး သီဆိုကခုန်ရေပက်ကစားခြင်းဖြင့် ပင်ပန်းနွမ်းနယ်မှုများ ကင်းစင်ပြီး ပေါ့ပါးရွှင်လန်းကာ နှစ်သစ်အတွက် အားသစ်များ မွေးမြူပေးလိုက်သလို ခံစားရသည်။

တန်ခူးလသည် မြန်မာလများ၏ ပထမဆုံးလဖြစ်သည်။ နွေရာသီကျရောက်သဖြင့် ပူပြင်းခြောက်သွေ့သည်။ **"တန်ခူးရေကုန် ကဆုန်ရေခန်း"** ဆိုသည်နှင့်အညီ အင်းအိုင်ချောင်းမြောင်းများ ရေခန်းခြောက်စ ပြုလာသည်။

တန်ခူးလသည် ပူပြင်းသောလတစ်လ ဖြစ်သော်လည်း လွမ်းဆွတ်ဖွယ်သဘာဝရှိသည်။ သစ်ရွက်များ ပူပြင်းသောနေပူအရှိန်ကြောင့် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ ပြောင်းလျှောချိန်၊ တောင်လေရူးကလည်း **"ရွှေတန်ခူးလေရူးဆော့ဆော့"** ဟု ဖွဲ့ဆိုရလောက်အောင် ကလူဆော့ကစားနေချိန် ဖြစ်သည်။ **"နေကိုဦးခိုက် လေများတိုက်"** ဟူ၍လည်း အဆိုရှိသည်။ နှစ်သစ်ကူးသင်္ကြန်ကာလဝန်းကျင်တွင် **"သင်္ကြန်လက်ဆေးမိုး" "တန်ခူးမိုးဦး"** စသော မိုးများ ရွာသွန်းတတ်သည်။ ထိုအခါ ခြောက်သယောင်းနေသော မြေပြင်သည် မိုးရေကြောင့် မြေသင်းနံ့လေးများဖြင့် ကြိုင်လှောက်သင်းပျံ့လာသည်။

သင်္ကြန်မိုးသည် တောတောင်အဝန်း မြေပြင်များတွင် ပျံ့လွင့်နေသော သစ်ရွက်ခြောက်များကို တိုက်တိုးသယ်ဆောင်သွားသည့်အတွက် **"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"** ဟု ခေါ်စမှတ်ပြုကြသည်။ သင်္ကြန်မိုး ရွာလိုက်သောအခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းသစ်ခက်များသည် ရွက်နု ရွက်သစ်ကလေးများ ထွက်ပေါ်လာကြသည်။

ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင် **"ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ မာလာငုံကင်း၊ သုတ်လေညင်းနှင့်မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မြည်းချုန်းချုန်းတည်း"** ဟူ၍ မြေသင်းနံ့ကို တင်စား၍ ဖွဲ့ဆိုခဲ့လေသည်။ တန်ခူးလသည် မြန်မာမှုအရ မိဿရာသီခေါ်၍ ထိုလ၏စန်းပြည့်နက္ခတ်မှာ စိတြနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်၍ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ ပိတောက်ပန်းတို့ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းမှာပင် နှစ်သစ်ကူးပွဲတော်များ ခမ်းခမ်းနားနားကျင်းပ၍ နှစ်သစ်ကိုကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်သစ်ကူးအခါသဘင်ကို **"သင်္ကြန်"** ဟုခေါ်ကြသည်။ သင်္ကြန်ဟူသောဝေါဟာရသည် **"သင်္ကန္တ"** ဟူသည့် သက္ကတစကားမှ ဆင်းသက်လာသည်ဟု ဝေါဟာရလီနတ္ထဒီပနီနှင့် ဝေါဟာရတ္ထပကာသနီတို့တွင် ဖော်ပြထားပေသည်။ ပညာရှင်အချို့ကမူကား **ပါဠိစကား "သင်္ကန္တ"** မှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ မည်သို့ပင်ဆိုစေကာမူ အဓိပ္ပာယ်မှာ **"ကူးပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်း"** ဟူ၍ချည်း ဖြစ်ကြသည်။

နှစ်ဟောင်းမှ အညစ်အကြေးများကို သီတာရေဖြင့် ဆေးကြောသန့်စင်သည့်အနေဖြင့် သင်္ကြန်ပွဲတော်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြသည်။ ရေသဘင်ပွဲတော်တွင် များသောအားဖြင့် သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့ဟူ၍ ရှိလေသည်။ သင်္ကြန်အကြိုနေ့တွင် ကြာဆံဟင်းခါး၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေးစသည်တို့ဖြင့် ဧည့်ခံကျွေးမွေး အလှူဒါနပြုကြသည်။ ရေပက်ခံမဏ္ဍပ်များနှင့် ရေသဘင်အကမဏ္ဍပ်များ စတင်ဖွင့်လှစ်ကြသည်။

သင်္ကြန်ပွဲတော်တွင် သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်းမျိုးဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။ နှစ်ဟောင်းမှအညစ်အကြေးများကို ကင်းစင်လိုသည့်စိတ်ထား အရင်းခံရှိကြသည်။ ကျွဲ၊ နွား၊ ငှက်နှင့်ငါးများကို ဘေးမဲ့လွှတ်၍ ဇီဝိတဒါနပြုကြသည်။ ရဟန်း သံဃာတော်များအား ဆွမ်းဘောဇဉ်ကပ်လှူခြင်း၊ စေတီပုထိုးများကို ထုံးသင်္ကန်းကပ်လှူခြင်း၊ ဘုရား ကျောင်းကန် ဇရပ်၌ သန့်ရှင်းရေး ပြုလုပ်ကြခြင်း၊ စတုဒိသာကျွေးခြင်း စသည်တို့ကို တွေ့ရသည်။ တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်းများကို လူငယ်များက စုပေါင်းလုပ်ဆောင်ကြသည်။ သက်ကြီးရွယ်အိုများက ဘုရား ကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်ကြသည်။

ထို့ကြောင့် ဆရာဇော်ဂျီက သူမြင်တွေ့ခဲ့ရသော တစ်ခုသောရေသဘင်အကြောင်းကို **"တစ်ခုသောသင်္ကြန်အခါ"** ကဗျာတွင် **"နှစ်သစ်ကူးတဲ့ တန်ခူးခါမှာ၊ ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာ ဆင့်ရော၊ အရွယ်သင့်အရွယ်ငယ်၊ မြန်မာတွေထည်လိုက်ကြ။ ဘယ်မြေပြော စေတီပေါမလဲ၊ ဘယ်ပြေပြော အပျော်ကျောမလဲ၊ စိတ်ဇောမြန်မာမှာဖြင့် သံသရာဂရုထားသူမို့၊ ပါးလိုက်ကြပျော်ပျော်သာ၊ အခါကနှစ်ဆန်း"** စသည်ဖြင့် ဖွဲ့ဆိုခဲ့သည်။

ယခုအများသိသော တန်ခူးသင်္ကြန်ကိုမူ **"အာဒိတျနှစ်"** ဟူ၍ ခေါ်ဆိုကြပါသည်။ ဇောတိသတ္တဗေဒကျမ်းတွင် တစ်နှစ်၌ တစ်ဆယ့်နှစ်သင်္ကြန်ရှိသည်ဟု ဖော်ပြသည်နှင့်အညီ ရှေးမြန်မာ ဘုရင်မင်းမြတ်များသည် တစ်လကူးပြောင်းတိုင်း ခေါင်းဆေးမင်္ဂလာပြုကာ သင်္ကြန်တော် ခေါ်လေ့ရှိသည်။ သင်္ကြန်ကိုအစွဲပြု၍ **"သင်္ကြန်စာ"** ဟူ၍လည်းရှိသေးသည်။

မြန်မာဘုရင်များလက်ထက်ကမူ နှစ်သစ်သို့ကူးပြောင်းရမည့် သင်္ကြန်ကျချိန်ကို ရဟန်းပညာရှိ၊ လူပညာရှိများကတွက်ချက်ပြီး ဘုရင်မင်းမြတ်ထံ ဆက်သကြသည်။ ထိုသင်္ကြန်တွက်ကိန်းကို ရွှေမြို့တော်ဝန်းကျင်လောက်ကသာ သိနိုင်ခွင့်ရှိသည်။ သင်္ကြန်စာတွင် နေကြတ်မည်၊ လကြတ်မည်၊ ငလျင်လှုပ်မည်၊ တော်လည်းမည်စသည်ဖြင့် ပါရှိသည်။ တစ်နှစ်တာ ဟောစာတမ်းကို ဘုရင်က သာသနာပိုင် ဆရာတော်အားပြသရသည်။ သာသနာပိုင်ဆရာတော်ကလည်း ပညာရှိများတွက်ချက်ယူဆပုံနှင့် ကိုက်ညီမကိုက်ညီကို တစ်ဖန်စိစစ်၍ သင့်မြတ်လျှင် ယင်းဟောစာတမ်းကို ထုတ်ဝေစေသည်။ တောင်သူလယ်သမားများသည် မိုးလေဝသမှအစ သင်္ကြန်စာကို အားထားရသည်။ နှစ်သစ်မကူးမီ သင်္ကြန်စာ ထုတ်ဝေခြင်းသည် ယနေ့ထက်တိုင်ရှိနေသည်။

သင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားသော ဓလေ့သည် ရှေးပဝေသဏီကပင်ရှိခဲ့သည်။ ကောလိယပြည်နှင့် မြတ်စွာဘုရားဖွားမြင်တော်မူရာ ကပိလဝတ်ပြည်ကြားတွင် ဒေဝဒဟပြည်မပေါ်သေးမီက ဒေဝဒဟ အမည်ဖြင့် ရေကန်ကြီးရှိသည်။ ထိုရေကန်သို့ ဖော်ပြပါနှစ်ပြည်ထောင်မှ မင်းသားမင်းသမီးတို့သည် လာရောက်ရေပက်ကစားရင်း တစ်ဦးကိုတစ်ဦး ရင်းနှီးခင်မင်သွားကြလေသည်။ ရှေးထုံးစဉ်လာ တာသင်္ကြန်ဆင်နွှဲပုံမှာ သန့်စင်အေးသောရေဖြင့် အချင်းချင်းပက်ဖျန်းပျော်ရွှင်ကြသည်။ မိန်းမပျိုလေးများကို အမွှေးနံ့သာရေဖြင့် ပက်လိုလျှင် မိဘထံခွင့်ပန်ပြီး ယဉ်ကျေးသိမ်မွေ့စွာ သပြေခက်ဖြင့် ပက်ကြသည်။ ချစ်စရာ့မြန်မာတို့ဓလေ့ပင်တည်း။

ထို့ကြောင့် နှစ်သစ်မင်္ဂလာတွင် အမျက်ဒေါသတို့ကိုပယ်ရှား၍ ချစ်ခင်သွေးစည်း ရင်းနှီးမှုရရှိစေရန် ကိုယ်စိတ်နှလုံးရွှင်လန်းစေရန် ရေပက်ကစားကြသည်။ နှစ်ဟောင်းမှအညစ်အကြေးများကို ရေဖြင့်ဆေးကြောခြင်းထက် မကောင်းမှုများကိုဆေးကြောခြင်းသည်သာ ပို၍သင့်မြတ်သည်။ ချစ်ခင်စေရန် ရေပက်ကစားသော်လည်း အလွန်အကျွံဖြစ်လာလျှင် အမုန်းဘက်သို့ ရောက်သွားပြီး အကြည်စားသန်ကရန်ဖြစ်တတ်သည်။ ပုဂံရာဇဝင်တွင် နရသီဟပတေ့ဘုရင်နှင့် မိဖုရားစောလုံတို့၏ ဇာတ်လမ်းကထင်ရှားစွာ သတိပေးထားလေသည်။

ယနေ့ကာလတွင်မူ ယဉ်ကျေးသော၊ သိမ်မွေ့သော၊ ဦးတည်ချက်မှန်ကန်သော အတာသင်္ကြန်ပွဲတော်ဖြစ်ရေးအတွက် ထိန်းမတ်နေပြီဖြစ်သဖြင့် သင်္ကြန်ပွဲတော် ဆင်နွှဲကြသူအားလုံးသည် ထိန်းသိမ်းကြပ်မတ်သတ်မှတ်ချက်များကို လိုက်နာကြပြီး ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ဓလေ့ထုံးစံကို ဆက်လက် ထိန်းသိမ်းကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၄၃၂၊ အောင်မေတ္တာလမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဖခင် ဦးကျော်မြအား ရည်စူး၍ ဇနီး ဒေါ်သန်းရွှေ၊ သမီးကြီး မခင်ခင်ညို၊ သမီးငယ် မမြသန်းရီ မိသားစုက ၁၅-၁၀-၂၀၀၄ရက်တွင် ပထမအကြိမ် ကျပ်တစ်သိန်းငါးသောင်း၊ ၁၃-၅-၂၀၀၅ရက်တွင် ဒုတိယအကြိမ် ကျပ်နှစ်သိန်းနှင့် ၆-၄-၂၀၀၈ရက်တွင် တတိယအကြိမ်အဖြစ် ကျပ်ရှစ်သိန်းကို ထပ်မံလှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တသြဘာသာဘိဝံသ (ညောင်တုန်းဆရာတော်)ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီမနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အမှတ်(၂၁) ၁၄၆လမ်း တာမွေမြို့နယ်နေ ဦးကျော်ရှိန်-ဒေါ်ငွေးရှိ၊ သမီးမနွယ်နွယ်၊ မမြင့်မြင့်သွယ်၊ မတင်တင်မြင့်၊ မောင်အောင်စိုးမင်း (မြဋ္ဌူအလှပြုပြင်ရေး)မိသားစုက အလှူငွေကျပ်ငါးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ဗန်းမော်၌ တီဘီရောဂါသိကောင်းစရာများရှင်းလင်း

ရန်ကုန် ဧပြီ ၁၀

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမော်မြို့နယ်တွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၁၀နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အကျယ်တဝင့် ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ဝင်းဝင်းမြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သောင်းအေးက တီဘီရောဂါအကြောင်း သိကောင်းစရာများ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

နှစ်ဦးဆုမွန်

* စိတ္တရနှင့်
မိဿရာသီ၊ အခါညီ၍
မြန်ပြည်သာယာ၊ မင်္ဂလာတည့်
ရွှေဝါပိတောက်၊ ရွှေရည်သောက်၍
ကြိုင်လှောက်ရနံ့၊ ဝေစည်ပျံ့
မတန့်ပြည်ရွာ မွှေးတော့သည်။

* နှစ်ဦးချိန်ခါ…မင်္ဂလာတည့်
ကမ္ဘာသူ ကမ္ဘာသား၊ ပြည်သူများ
စားဝတ်နေရေး၊ ဖူလုံအေးစေ
ဘေးရန်ကင်းစွာ၊ သွားလာလုံခြုံ
ပြည့်စုံပါစေ…၊
စေတနာပွား၊ မေတ္တာများဖြင့်
လှည့်စားကောက်ကျစ်၊ စိတ်ယုတ်ပစ်ပြီး
ကြီး….နိုင်…ငယ်ညှဉ်း၊ ကင်း၍ရှောင်ခွာ
မင်္ဂလာစိတ်မြတ်၊ ကိန်းဝပ်ပါစေ…၊

* နှစ်ဦးချိန်ခါ…မင်္ဂလာတည့်
မြန်မာပြည်သား၊ ပြည်သူများက
အလှနှလုံးသား၊ မေတ္တာပွား၍
ထောက်ထားစာနာ၊ အကြင်နာစာတ်
ပို့လွှတ်အပ်သည်…
လွှမ်းပတ် ကမ္ဘာ သာစေသတည်း။ ။

ခြိမ့်နိုင်

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ် ဆက်လက်အရှိန်အဟုန်မြှင့်တင်

နေပြည်တော် ဧပြီ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားခန်းမဆောင်၌ နေပြည်တော်ပျဉ်းမနားမှ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း(**အပေါ်ပုံ**)က နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံ၍ စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကျန်းမာရေး၊ ပညာရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့ကို ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းစဉ် (၅)ရပ်ကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်မြေပညာပေး မဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါက်တာဦးစံတင်အောင်(ရွှေဘို)က ပါရဂူဘွဲ့ရရှိခြင်း အထိမ်းအမှတ်အဖြစ် မတ် ၃၁ ရက်က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေသို့ အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူတို့က လက်ခံယူစဉ်။
(စာပေနှင့် စာနယ်ဇင်း)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း သာသနာ့ဝိပုလကာရီသိမ်ကျောင်း ဆောက်လုပ်နိုင်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ မတည်အလှူရှင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် သမာဓိလမ်း အမှတ် ၁၁ နေ ဦးသန်းကြွယ်-ဒေါ်သိန်းသိန်းမြင့်၊ သား မောင်ဇင်မင်းပိုင်(ခ)ညီညီဇင်၊ မောင်ရဲလင်းထွဋ် မိသားစုက ဆရာတော် ဦးနန္ဒပါလ(ယော)ထံ အလှူငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး ထီးတော်သစ်တင်လှူ ပူဇော်နိုင်ရန်အတွက် ဦးကြည်ဝင်းအားရည်စူး၍ အမှတ် ၅၁၂ တရုတ်ကျောင်းလမ်း (၈) ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဇနီး ဒေါ်အမာနှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ဦး (အလှည့်ကျ သဘာပတိ)နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည် ပေးအပ်စဉ်။
(က-ပ)

မြန်မာ့ယဉ်ကျေးမှုသကြင်္န်

- ✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြင်္န်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့်ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့်နားများအား ထိုးမိပါက မျက်လုံးနှင့် နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံ ကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်း မပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ညနေ ၆နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်များ ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

သတိ

သင်္ကြန်ကာလအတွင်း အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည် ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီး နှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်း မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

နှစ်သစ်မှာပျော်ဖို့ ရွှင်ဖို့ ကြည်နူးကြစေဖို့ ဟော့ရှော့ဟာသဇာတ်မြူး နှစ်ဆန်းတစ်ရက်နေ့ ရုံဝင်လာမည်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဧပြီ ၁၄

အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ညီညီထွန်းလွင် ရိုက်ကူးပြီး လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်လိုက်သည့် ဟာသဇာတ်မြူးကား **ဟော့ရှော့**မှာ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရုံဝင်လာမည်ဖြစ်သည်။

ဟော့ရှော့တွင် သူထူးစံနှင့် မိုးအောင်ရင်တို့ကို အသွင်နှစ်မျိုးဖြင့် မရိုးအောင် မြင်ရမည်ဖြစ်ပြီး ရန်အောင်တစ်ဦးတည်းကို မို့မို့မြင့်အောင်နှင့် မေသန်းနုတို့ က ချစ်ရေးဆိုမည့်သုံးမြွာပူးဇာတ်လမ်းထူးကို အူတက်အောင် မြူးမြူးကြွကြွ တင်ဆက်ထားသည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ ကြည့်ရှုကြရမည်ဖြစ်ပြီး မန္တလေးတွင် ဝင်းလိုက်နှင့်မြို့မရုံများ၌ တင်ဆက်မည်ဟု သိရသည်။

မကြာမီ ရုံဝင်လာမည့် ဟော့ရှော့ ဇာတ်ကားမှ သင်ဇာဝင့်ကျော်နှင့် သက်မွန်မြင့်။

ရင်နှင့်အောင်မွေးမှ လွင်မိုး၊ဒေါ်နွဲ့နွဲ့စန်း၊ ခင်သန်းနုနှင့် မျိုးသန္တာထွန်း။

လိပ်ပြာဝှက်တမ်းမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရင်နှင့်အောင်မွေး

မြန်မာနှစ်ဆန်း တစ်ရက်တွင် မြို့လယ်ရွှေဆောင်ရုံနှင့် မြို့ပတ်မဟာမြိုင်ရုံများတွင် ဒါရိုက်တာ မောင်ဝဏ္ဏ၏ **ရင်နှင့်အောင်မွေး** ဇာတ်ကား ဆက်လက်ဖျော်ဖြေနေဦးမည်။

ဝက်ဘာအခြစ်နှင့် သူ၏ချစ်ကိုကိုချစ်

မင်းမော်ကွန်း၊ နေတိုး၊ အိန္ဒြာကျော်ဇင်နှင့် သင်ဇာဝင့်ကျော်တို့ ပါဝင်ထားသော ဝက်ဘာအခြစ်နှင့် သူ၏ချစ်ကိုကိုချစ်မှာ မြို့လယ်ဝဇီရာရုံတွင် ပြန်လည်ရုံတင်ဦးမည်ဟုဆိုသည်။

ဘုရင့်ရုံတွင် တင်ဆက်သည့် Dhoom(2) ဇာတ်ကားမှာရီသစ်ရောရှမ်း၊ အက်ရှ်ဝါယာရိုင်းနှင့် အဘီရှက် ဘချန်တို့ ပါဝင်ထားပြီး နှစ်ဆန်းတစ်ရက်နေ့တွင် ရုံဝင်လာမည်ဖြစ်သည်။ ဆုထူးပန်းရုံတွင် ရုံတင်မည့် အားမာန်အမည်ရ Josh အိန္ဒိယဇာတ်ကားမှာ လူငယ်ကြိုက် မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။ အဓိက သရုပ်ဆောင်များအဖြစ် အိန္ဒိယညို့မင်းသမီး အက်ရှ်ဝါယာရိုင်းနှင့် နာမည်ကြီးမင်းသား ရှာရွတ်ခန်းတို့ပါဝင်ထားသည်။

နေပြည်တော်ရုံတွင် ပြသနေဆဲ အက်ရှင်ဇာတ်ကားဖြစ်သည့် Vantage Point ဆက်လက်ဖျော်ဖြေမည် ဖြစ်သည်။ မြို့မရုံတွင် Kabhi Khushi Kabhie Gham အိန္ဒိယဇာတ်ကား ဧပြီ ၁၈ ရက်နေ့တွင် ရုံဝင်လာမည် ဖြစ်သည်။ အဆိုပါဇာတ်ကားတွင် အမိတာဘချမ်း၊ ရှာရွတ်ခန်း၊ ကာဂျိုးလ်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

လိပ်ပြာဝှက်တမ်း

ရွှေမန်း၊ နဝဒေး၊ စံပြ၊ သီတာရုံများတွင် လူငယ်ကြိုက် **လိပ်ပြာဝှက်တမ်း** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားသစ် ရုံဝင်လာမည့်ရက်မှာလည်း မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်သည်။ လိပ်ပြာဝှက်တမ်းတွင် စိုင်းစိုင်းခမ်းလှိုင်နှင့် ဝိုင်းစုခိုင်သိန်း၊ မေသဥ္ဇာဦးတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဝိညာဉ်ချစ်သူရှာပုံတော်ဆန်ဆန် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

မောင်တောမြို့နယ်ဖားဝပ်ချောင်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားတွင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခရိုင်ဦးစီးအရာရှိ ဦးမောင်အေးထွန်းက ကျေးရွာစာ ကြည့် တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ထံ စာအုပ်စာစောင်များ လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

ခရိုင်ချင်းဆက်လမ်းနှင့် မှိုင်းပန် ကျေးလက်ကျောက်ချောလမ်းဖွင့်

ငွေကျပ် ၂၈၅သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့

ကျောက်ဆည် ဧပြီ ၁၀

မန္တလေးတိုင်း ကျောက်ဆည်မြို့ မြဘုရင်နို့ဆီချက်လုပ်ငန်းရှင် ဦးဝင်းမောင်-ဒေါ်မြရင်တို့က ငွေကျပ်၂၈၅သိန်း လှူဒါန်းဖောက်လုပ်သည့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းနှင့် မှိုင်းပန်ကျေးရွာ ဆက်သွယ်သည့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ်၂၇ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာလမ်းထိပ် မင်္ဂလာမုခ်ဦးမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် မြဘုရင်နို့ဆီချက်လုပ်ငန်းရှင် ဦးဝင်းမောင်က လမ်းဖောက်လုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အလှူရှင်အား လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းထံသို့ လမ်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အလှူရှင် ဦးဝင်းမောင်တို့က ကျေးလက် ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အကုန်အကျခံဖောက်လုပ်

အဆိုပါလမ်းသစ်မှာ အရှည် ၁၁၁၆၅ပေ၊ အကျယ် ၁၈ပေ ရှိပြီး မြဘုရင်နို့ဆီချက်လုပ်ငန်းရှင် ဦးဝင်းမောင်-ဒေါ်မြရင်တို့က ငွေကျပ်၂၈၅သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မတော်တဆမီးလောင်မှုဖြစ်ပွားပါက အချိန်မီငြိမ်းသတ်နိုင်ရေး စစ်တွေတွင် ဇာတ်တိုက်လေ့ကျင့်

စစ်တွေ ဧပြီ ၁၂

ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မော်တော်ယဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်း၍ မတ် ၂၃ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်တွေမြို့ အဝေးပြေးကွင်းတွင် ခရီးသည်ကုန်စည်ပို့ဆောင်ရေး ပုဂ္ဂလိကမော်တော်ယာဉ်များ မီးသတ်ဆေးဘူးများထားရှိရေး၊ မတော်တဆမီးလောင်မှုဖြစ်ပါက အချိန်မီငြိမ်းသတ်နိုင်ရေး သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ကြသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ အင်အား ၅၀တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကျိုက်ထို ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံဖွင့်

ကျိုက်ထို ဧပြီ ၈

သထုံခရိုင် ကျိုက်ထိုမြို့နယ် မုက္ခမော့ကျေးရွာအုပ်စု အခိုက်(ခ)စစ်ကွင်းကျေးရွာ ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁ရက် ညနေ ၅ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်စိုးပိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်ဦးစိုးဝင်းအောင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းတင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်အား ကျိုက်ထိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးကျော်စိုးပိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် စာကြည့်တိုက်ကော်မတီနာယက ဦးမောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စာကြည့်တိုက်အတွင်း ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်၄၀၊ စာကြည့်တိုက်ငွေပဒေသာပင်စိုက်ထူရန် ကျေးရွာမှအလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းတပ်စည်ပင် မြို့သာယာရေး ဆောင်ရွက်

မင်းတပ် ဧပြီ ၁၀

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးနိုင် လိုက်ပါလျက် မတ် ၂၅ရက်က မင်းတပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိသည့် မျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထန်းနိုင်း ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝေါမြို့နယ် ဆပ်သွားခြံ-ပုဂံကျေးရွာအုပ်စု ကျေးလက်ဖွံ့ဖြိုးရေး ဂဝံလမ်းသစ်ဖွင့်

ဝေါ ဧပြီ ၉

ဝေါမြို့နယ် ဆပ်သွားခြံ-ပုဂံကျေးရွာအုပ်စု ကျေးလက်ဒေသဖွံ့ဖြိုးရေး ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက်၉နာရီက အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ငွေး၊ ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းဆွေနှင့် ပုဂံကျေးရွာ လမ်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးဦးစိုးရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးအေးကြည်က အမှာစကား ပြောကြားပြီးအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။ အဆိုပါဂဝံလမ်းမှာ တစ်မိုင်ရှည်လျားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်သူလူထု၏ မတည်ငွေကျပ်သိန်း၄၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့တွင်း ဟွန်းမတီးရ

မော်တော်ယာဉ်များ ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းရေး၊ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (မြစ်ကြီးနား)မှ ပြည်နယ် ဦးစီးမှူး ဦးမိုးမြင့်နှင့် တာဝန်ရှိသူများ မြစ်ကြီးနားတက္ကသိုလ်လမ်းပေါ်တွင် မတ် ၂၀ရက်က ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များကို စစ်ဆေးပညာပေးမှုများ ဆောင်ရွက်စဉ်။ (ပြည်နယ် ပြန်/ဆက်)

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ မူလတန်းနှင့်အလယ်တန်းပြဆရာများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၁၄

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ

မူလတန်းနှင့် အလယ်တန်းပြ ဆရာများအတွက် သင်ကြားရေးမွမ်းမံသင်တန်းကို မတ် ၃၁ရက် နံနက် ၈နာရီက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြရောခန်းမ၌ ကျင်းပသည်။

ဩဝါဒစကားမြွက်ကြား

အခမ်းအနားတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေး အဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် ဩဝါဒါစရိယ၊ တောတိုက် ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဓမ္မသာရက ဩဝါဒစကား မြွက်ကြားတော်မူပြီး သင်တန်းဆိုင်ရာ အုပ်ချုပ်ရေးကိစ္စနှင့်စပ်လျဉ်း၍ မင်္ဂလာဒုံမြို့နယ် ပညာရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းက အမှာစကား ပြောကြားသည်။

(အောက်ဝဲပုံ)

တက်ရောက်

အဆိုပါသင်တန်းသို့ မင်္ဂလာဒုံမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ မူလတန်းနှင့် အလယ်တန်းပြနှင့် ဆရာ ဆရာမ ၁၅၀ခန့် တက်ရောက်ကြောင်း သိရသည်။

(က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်တိုင်း လသာ မြို့နယ် ၁၈ လမ်း၊ အမှတ် ၁၄၃ နေ မမြင့်မြင့်နိုင်(ခ)မဖြူ မွေးနေ့အလှူ အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာ တော် ကြီး၏ ဆွမ်းပဒေသာပင်အတွက် အလှူငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒ ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား အာရုံခံတန်ဆောင်းကြီးတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလ ဥပုသ်သီလဆောက်တည်လိုသူများ သင်္ကြန်တွင်း အထူးတရားနာယူနိုင်ကြရန်အတွက် ဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိရာ သင်္ကြန်အကျနေ့က ဗားကရာတိုက် သီရိဝေလာကျောင်း ဆရာတော် ဦးဝိသုတက ရှစ်ပါးသီလချီးမြှင့်တော်မူစဉ်။

(မြန်မာ့အလင်း)

T-Home သင်္ကြန်မဏ္ဍပ်ဖွင့်

နေပြည်တော် ဧပြီ ၁၄

၁၃၆၉ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော် T-Home သင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ရက် ညနေ ၆ နာရီခွဲက အောင်မြေသာစံမြို့နယ် ၆၆လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြားရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ T-Home မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်နှင့် ဦးမျိုးသိန်း (မျိုးသိန်းအီလက်ထရွန်နစ်)တို့က T-Home သင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများ၊ ဧည့်သည်တော်များက အမွှေးနံ့သာရည်များဖြင့် အပြန်အလှန် အတာရေပက်ဖျန်း ကစားကြသည်။

(သတင်းစဉ်)

မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်နှင့် မြို့တော်ဝန်မဏ္ဍပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၁၄

၁၃၆၉ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ရက် ညနေ ၅နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်အားပေးပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၏ဇနီး ဒေါက်တာဒေါ်ခင်သီတာ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့ရှိတရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Taiyang၊ သင်္ကြန်ယိမ်းအက သမီးပျိုလေးများ၊ ရုပ်ရှင်ဂီတနယ်ပယ်မှ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မန်းစည်ပင်တေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ မန်းစည်ပင်ယိမ်းအကအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများ စုပေါင်း အကအလှအဖွဲ့များက သင်္ကြန်တေးများသီဆို၍ ကပြဖျော်ဖြေကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ သင်္ကြန်အလှပြယာဉ်များသည် မန္တလေးမြို့ဂုဏ်ဆောင် မြို့မငွေနန်းဖြူအလှပြယာဉ် ဦးဆောင်လျက် ၎င်း၏နောက်မှ မန္တလေးတိုင်းအတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ မြနန်းမန္တာလာ အလှပြယာဉ်၊ ရွှေဆည်အားမာန် အလှပြယာဉ်၊ ထီလာမေ အလှပြယာဉ်၊ ပန်းမြို့သူ အလှပြယာဉ်၊ ပုဂံရွှေပြည် အလှပြယာဉ်၊ ရွှေသင်းမောင် အလှပြယာဉ်၊ ရွှေခြံမောင်မယ် အလှပြယာဉ်တို့က အစီအစဉ်အတိုင်း မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြု နှုတ်ဆက်ကြရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်ကြသည်။

အထူးစည်ကား

ယင်းနောက် မန်းစည်ပင် တေးဂီတအဖွဲ့နှင့်အတူ ရုပ်ရှင်ဂီတအနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် အကြိုနေ့တွင် မန္တလေးနန်းမြို့ရိုး ကျုံးပတ်လည်နှင့် မြို့တွင်းရပ်ကွက်များရှိ အလှပြမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပျော်ရွှင်စွာရေကစား

မဟာသင်္ကြန်အကျနေ့က လသာမြို့နယ် အနော်ရထာလမ်းရှိ VALIANT အတာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာရေကစားကြစဉ်။ (မြန်မာ့အလင်း)

အာရှဘိလိယက်နှင့် စနူကာ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၄

7th Asian Billiards Championship and 9th Asian U-21 Snooker Championship ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေပိုင်းက ကန်တော်ကြီးပဲလေ့(စ်)ဟိုတယ်၌ ကျင်းပသည်။

(၉)ကြိမ်မြောက် အာရှအသက်(၂၁)နှစ်အောက် စနူကာပြိုင်ပွဲတွင် Li Hang (China) က ပထမ၊ Li Yuan (China) က ဒုတိယ၊ Sorrawit (Thailand) က တတိယ နှင့် Chinnakrit(Thailand)ကစတုတ္ထအသီးသီး ရရှိသွားပြီး စနူကာ အမှတ်အများဆုံး ရအောင် ထိုးနိုင်သူ (Highest Break) ဆုကို Zhang Anda (China) က ရရှိသွားသည်။ (၇)ကြိမ်မြောက် အာရှ ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် Pankaj Advani (India) က ပထမ၊ Rupesh Shah (India) က ဒုတိယ၊ Praprut (Thailand)က တတိယနှင့် အောင်ဆန်းဦး (မြန်မာ)က စတုတ္ထ အသီးသီးရရှိကြသည်။

ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ အာရှဘိလိယက်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Sindhu Pulsirivong က (၉)ကြိမ်မြောက် အသက်(၂၁)နှစ်အောက် စနူကာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်စတုတ္ထ ရရှိကြသူများနှင့် စနူကာပြိုင်ပွဲ (Highest Break) ရရှိသူများအား ငွေသားဆုများ ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ယင်းနောက် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်က စနူကာပြိုင်ပွဲ ဆုရရှိကြသူများအတွက် Air Bagan Co.,Ltd.က ချီးမြှင့်သော ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဘိလိယက်ပြိုင်ပွဲဆုရရှိကြသူများအတွက် Air Bagan Co.,Ltd. ကချီးမြှင့်သော ဂုဏ်ပြုဆုငွေများနှင့် Trophy များအားလည်းကောင်း ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က (၇)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထ ရရှိကြသူများအား ငွေသားဆုများ ချီးမြှင့်သည်။

ဂုဏ်ပြုညစာစား

ဝန်ကြီးသည် ညပိုင်းတွင် ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံရှိ ကန်တော်မင်္ဂလာ Restaurant ၌ တည်ခင်း ဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် ပံ့ပိုးကူညီပေးကြသည့် တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အာရှဘိလိယက်အဖွဲ့ချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရှိး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။

အင်္ဂုတ္တိုရ် ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထအကြိမ် နှစ်ဦးဓမ္မသဘင်အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ D. Litt (Ph.D)	၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်နေ့ (တနင်္ဂနွေနေ့) ၂၀-၄-၂၀၀၈
ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၁ရက် (တနင်္လာနေ့) ၂၁-၄-၂၀၀၈
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)	၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၂ရက် (အင်္ဂါနေ့) ၂၂-၄-၂၀၀၈

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်နေ့မှ လပြည့်ကျော် ၂ရက်နေ့အထိ (၂၀၀၈ခုနှစ် ဧပြီလ ၂၀ရက်နေ့မှ ၂၂ရက်နေ့အထိ)

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတန်ဆောင်းတော်ကြီးကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ် (၇)နာရီ။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဧပြီ ၁၅ရက် ကျေးဇူးရှင် ဖေဖေ **ဗိုလ်မှူးကြီး အေးလွင်** (ငြိမ်း)

ဘုန်းကြီး၊ သက်ရှည်၊ ကျန်းမာ၊ ချမ်းသာပြီး မိသားစုနှင့်အတူ သစ္စာ၊ မေတ္တာ တည်တံ့ခိုင်မြဲစွာ အသက်ထက်ဆုံး အိုအောင် မင်းအောင် ပေါင်းသင်းနေထိုင်နိုင်၍ ဘေးရန်အန္တရာယ်များ ကင်းဝေးလွတ်မြောက် ကျော်လွှားနိုင်ပြီး အလှူရေစက်ကို စိတ်တူကိုယ်တူ စိတ်ချမ်းသာစွာ လက်နှင့်မကွာပေးလှူနိုင်ပြီး မင်္ဂဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ ကျေးဇူးရှင်ဖေဖေ။

ချစ်ဇနီး - မြင့်မြင့်သိန်း
ချစ်သမီးကြီး - မအေးသန့်ရည်မွန်လွင်- မောင်ကြည်ညွှန့်
ချစ်သားကြီး - မောင်စိုးစည်သူလွင်
ချစ်သားအငယ် - မောင်စိုးသီဟလွင်၊ မောင်စိုးသူရလွင်
ချစ်မြေးများ - မသြမြတ်သီရိကြည် (အဲအဲ)
မောင်ခန့်ကျော်ဇ(ကိုခန့်)။





ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရွှေတိဂုံဘုရားလမ်းရှိ စည်ပင်သာယာရေးခန်းမ၌ မတ် ၃၀ရက်ကကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးချစ်လှိုင်နှင့် ဇနီးတို့က တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မရတနာမောင်အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမှု၊ ပြောဆိုကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုးတွင် နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေနှင့် ဇနီးဒေါက်တာဒေါ်ခင်သီတာ မဟာမုနိဘုရားကြီး(၁၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

မန္တလေးမဟာမုနိဘုရားကြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၁၃

မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ (၁၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ၂၉ရက် မွန်းလွဲ၁နာရီက မဟာမုနိဘုရားကြီး အရှေ့ဘက်စောင်းတန်း၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဇနီး ဒေါက်တာဒေါ်ခင်သီတာ တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

ကြွရောက်တော်မူ

အခမ်းအနားသို့ မဟာမုနိသြဝါဒါစရိယဆရာတော်ကြီးများ၊ ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ မန္တလေးမြို့ပေါ်ရှိ နိုင်ငံတော်သံဃမဟာနာယကနှင့် တိုင်းသံဃနာယက ဆရာတော်ကြီးများ၊ မန္တလေး ငါးမြို့နယ်မှ မြို့နယ်သံဃနာယက ဆရာတော်များနှင့် သံဃာ၅၀၀ကျော်ရှိသည့် ကျောင်းတိုက်ကြီးများမှ တိုက်အုပ်ဆရာတော်များ၊ ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ်၊ လက်ထောက်နာယကချုပ်၊ မော်ကွန်းထိန်းဆရာတော်များ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာတော်၊ မိဘမဲ့ကျောင်းများမှ ဆရာတော်များ၊ မဟာမုနိဘုရားကြီးအနီးရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော် ၈၀၁ပါး ကြွရောက်တော်မူကြသည်။

လှူဒါန်း

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတို့က မတ္တာပ်ပေါင်း ၅၅၇ခုဖြင့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းမျိုးစုံ ဝတ္ထုငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၉၇၉၂၅၀၀ ကျော် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွှေဥဒေါင်းလမ်း ဘုရင့်နောင်ရိပ်သာ အမှတ်၃၇နေ ဦး ကျော် ဇင် - ဒေါ်သိန်းသိန်း(ပါမောက္ခ-ငြိမ်း)၊ သမီးဒေါက်တာသီဂီဇင်နှင့်ဒေါက်တာလှဲ့ရွှေဇင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ ၈ ကား ဝါ လမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော် ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှု တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဧပြီ ၄ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်နေသည့် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ မြန်မာ့လေကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် လေယာဉ်ကွင်းအထူးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့၏ ၂၀၀၇-၂၀၀၈ ခုနှစ် လုပ်ငန်းလျာထားချက်၊ လေယာဉ်ပြေးလမ်းအကျယ် ၇၅ပေ ထပ်မံတိုးချဲ့ခြင်း လုပ်ငန်း အပိုင်းလိုက်ဆောင်ရွက် ပြီးစီးမှု အခြေအနေများနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလျာထားချက်များ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်တိုကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်၌ စက်ယန္တရားများဖြင့် လေယာဉ်ပြေး လမ်းအကျယ် ၇၅ပေ ထပ်မံတိုးချဲ့ ဆောင်ရွက်နေမှု အခြေအနေများ၊ လေယာဉ်ပြေးလမ်း အချက်ပြမီးများတပ်ဆင်ရန် ကေဘယ်လ်မြောင်း ဆောင်ရွက်နေမှုအခြေအနေများ၊ လေဆိပ်ခရီးသည် နားနေဆောင်တွင် ခရီးသည်များ စိတ်ချမ်းမြေ့စွာ နားနေနိုင်ရေးအတွက် ၄၃လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်နှင့် ပလတ်စတစ်ထိုင်ခုံတွဲများ တပ်ဆင်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန စုပေါင်းရဟန်းခံ၊ ရှင်ပြု အခမ်းအနား

နေပြည်တော် ဧပြီ ၁၃

အလုပ်သမားဝန်ကြီးဌာန ပထမအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၈ နာရီက နေပြည်တော်ပျဉ်းမနား သပြေတောင် ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် ဇနီး ဒေါ်ခင်သက်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး၊ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပင့်သံဃာ ၁၅ပါးနှင့် ဒုလ္လဘရဟန်း ၃၈ပါးအား နံနက် ၈နာရီတွင် သိမ်ဆင်းလောင်းလှူကြပြီး သပြေတောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ရေစက်ချတရားတော်နာယူကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဧပြီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် ဧပြီ ၉ ရက်က မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပေါက်ပင်ခန်းမ၌ ဂန့်ဂေါခရိုင်၊ ပခုက္ကူခရိုင်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့ပေါ် လေးရပ်ကွက်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဒေသခံပြည်သူများနှင့် အတူ ပူးပေါင်း၍ တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး ဒေသလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တွဲဖက်အထွေထွေအတွင်းရေးမှူးသည် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ဂန့်ဂေါခရိုင် အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တင်ပြချက်များ အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းပေး

တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသည် ဧပြီ ၁၀ရက် နံနက်ပိုင်းက ပခုက္ကူမြို့ ဆက်သွယ်ရေးရိပ်သာ ဧည့်ခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပခုက္ကူမြို့ရှိ စီးပွားရေး လုပ်ငန်းရှင်များ၊ ပခုက္ကူစက်မှုဇုန်ကြီးကြပ်ရေး ကော်မတီ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တက္ကသိုလ် အမှတ်စဉ် (၃၉)ဗိုလ်လောင်းသင်တန်း သင်တန်းဆင်း (၁၀) နှစ်ပြည့် အလှူအဖြစ် ဗဟန်းမြို့နယ်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း ပဒေသာပင် အလှူငွေကျပ်၃၉၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံစဉ်။ (က-ပ)

ဘီးလင်း အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘီးလင်းအခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့) နံနက် ၈ နာရီတွင် ဘီးလင်းအထက ပညာ့အားမာန် ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ ပြည့် ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ခံယူပါရန်နှင့် ကုသိုလ်ပြုလိုသူများ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ မော်ကွန်းထိန်း ဦးအေးထွန်း ဖုန်း-၀၁-၅၃၄၀၂၄၊ ဦးစံ ဖုန်း-၀၁-၃၈၅၉၀၃၊ ဦးမောင်မောင် မြို့နယ်ပညာရေးမှူး ဖုန်း-၀၅၇-၆၄၁၂၄၊ ဦးဆန်းအောင် ဖုန်း-၀၅၇-၆၄၀၀၆၊ ဦးသန်းအောင် ဖုန်း-၀၅၇-၆၄၀၇၈နှင့် ဦးမြင့်ဦး ဖုန်း-၀၅၇-၆၄၀၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သာစည်မြို့ ဇွဲမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

သာစည် ဧပြီ ၁၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဇွဲမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ရက် နံနက် ၉နာရီက ဘူးရုံကျေးရွာအုပ်စု မကျည်းကန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စွမ်းဆောင်ကြရမည့်လုပ်ငန်းစဉ်ငါးရပ်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဆန်းက စာကြည့်တိုက်အတွက် သုတ ရသ၊ မဂ္ဂဇင်းစာအုပ်မျိုးစုံ အုပ် ၁၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကိုယ်စား ဦးအေးကိုက ဂျာနယ်မျိုးစုံ အစောင် ၅၀၊ ဗိုလ်မှူးကျော်ဆွေ(ငြိမ်း)က စာအုပ်စာစောင်အုပ် ၁၀၀၊ တိုင်ကပ်နာရီတစ်လုံးနှင့် အလှူငွေကျပ် ၁၀၀၀၀နှင့် ဘူးရုံကျေးရွာနေ ဦးဗိုလ်မင်းက အလှူငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မင်္ဂလာအချိန်တွင် ဇွဲမာန်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဆန်းနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် ဂွမြို့တွင် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ် ၂၀၀၈ လှုပ်ရှားမှုအဖြစ် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး ပတ်ဝန်းကျင်တစ်ဝိုက် အထူးသန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သင်းသင်းလှိုင်နှင့် အမှုဆောင်အရာရှိ ဦးစောဝေတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။(က-ပ)

အမျိုးသားရေမွှေးများနှင့် ကိုယ်တိုက်ဆပ်ပြာ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၄

Infinity Investment Co.,Ltd. မှ ကြီးမှူးကျင်းပသော Unilever ထုတ် အမျိုးသားသုံးရေမွှေးများဖြစ်သည့် BRUT, DENIM နှင့် Asepso ကိုယ်တိုက်ဆပ်ပြာတို့အား မိတ်ဆက်ရှင်းလင်းပေးသော Exclusive Launch Party ပွဲကို ဧပြီ ၁၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပသည်။ အခမ်းအနားသို့ ဖိတ်ကြားထားသည့် စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သီးသန့်ရှင်းလင်းပွဲကို ညနေ ၄ နာရီခွဲတွင် ကျင်းပရာ SDL; Sweetyet Development Pte., Ltd. Singapore မှ Sales & Marketing Manager Mr.Jack Tay **(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး Unilever ထုတ် အမျိုးသားသုံးရေမွှေးများဖြစ်သည့် BRUT, DENIM နှင့် Asepso ကိုယ်တိုက်ဆပ်ပြာတို့နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် Ballroom ရှိ Exclusive Launch Party ပွဲကို ညနေ၆နာရီတွင် ကျင်းပသည်။

အမျိုးသားသုံးရေမွှေးများဖြစ်သည့် BRUT, DENIM နှင့် Asepso ကိုယ်တိုက်ဆပ်ပြာများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Infinity Investment Co.,Ltd.ကမြန်မာတစ်ပြည်လုံးသို့ တာဝန်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဆက်သွယ်ရန်လိပ်စာမှာ အမှတ်(၄၈) လသာလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖြစ်ပြီး ဖုန်း-၂၅၂၄၆၄၊ ၂၄၉၁၆၂၊ဖက်(စ်) ၃၈၂၂၉၅၊ e-mail: infinity@myanmar.com.mm နှင့် အမှတ်(၁၅၀/A) ၂၇လမ်း (၈၀နှင့် ၈၁)လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၆၅၁၈၂တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ် သတင်းများ

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီ အနောက်ဘက်စောင်းတန်းပြုပြင်ရန် ငွေလှူဒါန်း

ပြည် ဧပြီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ သမိုင်းဝင်လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ မိဘများဖြစ်ကြသော ဦးဝင်းမြ-ဒေါ်လှရီ၊ ဦးဉာဏ-ဒေါ်ထွေးထွေးမြင့်တို့အား အမှူးထား၍ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ၁၀ရပ်ကွက် အမှတ်(၁၃၅)(J) သံလွင်လမ်းနေ ဦးအောင်ကြွယ်ဝင်း-ဒေါ်သန္တာအေး၊ သား မောင်နေထက်အောင်၊ မောင်နေစိုးရ မိသားစုကိုယ်စား ဆိုနီအရောင်းပြခန်းပိုင်ရှင် ဦးမျိုးညွန့်နှင့် ဦးမျိုးလွင်ကျော်တို့က အလှူငွေကျပ် ၂၉သိန်း ပေးအပ်လှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

အလှူရှင်များအနေဖြင့် ဖုန်း-၀၅၃-၂၅၀၃၅၊ ၀၅၃-၂၅၁၈၀ ဂေါပကအဖွဲ့ရုံး ပြည်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၇)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသော အားဖြင့် ကွမ်းခြံကုန်း မြို့နယ် ကြခတ် ကျေးရွာတွင် တစ်လက်မခွဲတွင်းတိမ် ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးမျိုးနိုင်နှင့်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းရေးပခုက္ကူ၌ဆောင်ရွက်

ပခုက္ကူ ဧပြီ ၃

ယာဉ်မတော်တဆမှု လျော့နည်းစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်တင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ငြိမ်းမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ထွန်းနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်းပါဝင်သော အဖွဲ့သည် ဧပြီ ၃ ရက်က ပခုက္ကူမှ မန္တလေးနှင့် ရန်ကုန်သို့ထွက်ခွာမည့် မော်တော်ယာဉ်များအား ယာဉ်လိုင်စင်၊ယာဉ်မောင်းလိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်နှင့် လုပ်ငန်းလိုင်စင် ပြည့်စုံမှု ရှိမရှိကို အဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်းတွင် စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(က-ပ)**

မော်ကျွန်းမြို့နယ် မူလတန်းကြိုကျောင်း နှစ်ပတ်လည်အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်

မော်လမြိုင်ကျွန်း ဧပြီ ၁၀

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ပတ်လည်အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲဆုပေးပွဲနှင့် ပဒေသာကပွဲကို မတ်၂၉ရက် ည ၇နာရီက မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ယင်းနောက် ဆုပေးပွဲတွင် မူကြိုအကြီးဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ပထမဆုရ မချောကလျာ၊ ဒုတိယဆုရ မယွန်းစန္ဒီ၊ တတိယဆုရ မဆုမြတ်ပိုင်နှင့် အငယ်ဆင့်ဆုရသူ သုံးဦးအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဆန်ကုန်သည်များ အသင်းနှင့် မူကြိုတာဝန်ခံ ဆရာမဒေါ်ခင်စန်းတို့က ဆုပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မူကြိုအကြီးဆင့်၊ အငယ်ဆင့် အားကစားပြိုင်ပွဲ၊ မူကြိုလက်မှုစွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများကို ဆုပေးအပ်ချီးမြှင့်ကြပြီး မူလတန်းကြို ကျောင်းသူကျောင်းသားကလေးများက အက၊ အလှ၊ တေးသရုပ်ဖော်၊ ပဒေသာကပွဲများဖြင့် ကပြဖြေဖျော်ကြသည်။ (၁၄၂)

အသိပညာပေး ဆွေးနွေး

မင်းကင်း ဧပြီ ၂

စစ်ကိုင်းတိုင်းမင်းကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် ဌာနဆိုင်ရာများ လိုက်ပါလျက် ဖေဖော်ဝါရီ၈ရက်က ဝပြင်အုပ်စု ရွာတော်ကျေးရွာအခြေခံ ပညာမူလတန်းကျောင်း၌ ပြည်သူလူထုအား အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၇)ရပ်ကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ တိ/မွေးကု ကျန်းမာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က မိမိတို့ဌာနနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်၌ သံဃာတော်များ ဆွမ်းဆက်ကပ်

ပြင်ဦးလွင် ဧပြီ ၇

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်၌ ၁၃၆၉ ခုနှစ် မြို့နယ်ပါဠိပထမပြန်ဖြေဆို အောင်မြင်စွာ ပြီးစီးခြင်းအတွက် ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ဦးဆောင်၍ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မတ် ၃၁ရက်က ပြင်ဦးလွင်မြို့နယ် ဥပဏ္ဍမ္ဘက သံဃဒါနဆွမ်းလောင်းအသင်း ဓမ္မာရုံကြီး၌ ကျင်းပသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ မန္တလေးတိုင်း သံဃာ့အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပထမပြန်စာမေးပွဲ အထူးကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သီထွန်း၊ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သံဃဒါန ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးလှရှန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြပြီး သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (၀၈၈)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ် အောင်သုတလမ်း အမှတ် မ/၁၅၂ နေ မြတ်ပါရမီ သာသနမာမကအဖွဲ့က အလှူငွေကျပ် ၁၀ သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝါးခယ်မမြို့၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဂုဏ်ပြု

ဝါးခယ်မ ဧပြီ ၆

ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရွာလယ်ကျောင်းသစ် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဓမ္မသာမိအား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၆ရက် နံနက် ၉နာရီက ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို လျှောက်ထားပြီး မတည်အလှူရှင် ဦးလွင်ခင်နှင့် အလှူ့ဒါယကာ ဒါယိကာမများက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဝါးခယ်မမြို့ မြသိန်းတန်စေတီတော်၏ (၁၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၅ရက်မှ ၁၀ရက်အထိ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၈၂)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီး၏ မဟာရံတံတိုင်း ငါးခန်းအတွက် အလှူငွေကျပ် ငါးသိန်းကို နှစ်ဖက်သော ဘိုးဘွား၊ မိဘများအား အမှူးထား၍ မြောက်ဥက္ကလာပမြို့နယ် (၈၂)ရပ်ကွက် မေဓာဝီလမ်း အမှတ် ၅၇၇နေ ဦးသိန်းထူး(သိန်းထူးမျက်မှန်ဆိုင်)- ဒေါ်တင့်တင့်လှိုင်(တင့်တင့်လှိုင်လက်ဖက်ဆိုင်)၊ သမီး မစောယုနွယ်ဇင် မိသားစုက ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ (ရတနာဇေယျကျောင်း) ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးဘချို က လက်ခံယူစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ခရီးသွားပြည်သူများအန္တရာယ်ကင်းရှင်းရေး ဟသ်ာတ၌ယာဉ်များစစ်ဆေး

ဟသ်ာတ ဧပြီ ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟသ်ာတ)မှ ခရိုင်ဦးစီးမှူး ဦးအုန်းရွှေ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ဝင်းတို့ ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဧပြီ ၈ ရက်က ဟသ်ာတမြို့ဝင် ယာဉ်အသုံးပြုခ ကောက်ခံရေးဂိတ်၌ ဟသ်ာတမှ ရန်ကုန်၊ ရန်ကုန်မှ ဟသ်ာတသို့ ပြေးဆွဲနေသော ခရီးသည်တင် အငှားဘတ်စ်ကားကြီးများ ယာဉ်ကြွံခိုင်မှု ရှိ မရှိ၊ အရေးပေါ်မီးငြိမ်းသတ်ရန် မီးသတ်ဆေးဘူး ပါ မပါ၊ လုပ်ငန်းလိုင်စင်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်များ ကိုင်ဆောင်ထားခြင်း ရှိ မရှိကို ရှောင်တခင်စစ်ဆေးပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် တွေ့ဆုံ၍ ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု ချောမွေ့အဆင်ပြေရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် အန္တရာယ်မဖြစ်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမရှိစေရေး သတိပေးမှာကြားကြသည်။ **(အောက်ပုံ)** **(က-ပ)**

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါနပြုလိုသူ အလှူရှင် ဒေါ်ခင်ဆင့်၊ သားမောင်ဟိန်းရဲထွဋ်က ဒုတိယဗိုလ်မှူးကြီး အုန်းကျော်(ငြိမ်း) ပြည်ထောင်စုတိုင်းရင်းသား ဖွံ့ဖြိုးရေး သိပ္ပံကျောင်းအုပ်ကြီးအား ရည်စူး၍ အလှူငွေကျပ် ၁၂၂၈၃၀ ကို ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၉၅-၂၉၇ ရှိ မဟာသိပ္ပံ အလှူခံဌာနသို့ လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံဥက္ကဋ္ဌက လက်ခံယူစဉ်။(က-ပ)

အလှူငွေပေးအပ်ပွဲ ပဲခူး၌ကျင်းပ

ပဲခူး ဧပြီ ၆

မဟာတမန်တော်နေ့ အထိမ်းအမှတ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၀ရက် နံနက် ၁၀နာရီက ပဲခူးမြို့ ဖိုင်းဂနိုင်းမြောက်ပိုင်း (၅)လမ်း၊ ဂျာမေပလီရှေ့ ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် မဟာတမန်တော်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဟာဂျီဦးကျော်သိန်းတို့က အမှာစကား ပြောကြားသည်။

လက်ခံ

ယင်းနောက် အလှူရှင်များဖြစ်ကြသော ဟာဂျီဦးကျော်သိန်း မိသားစု၊ ဟာဂျီဦးမြင့်စိုးမိသားစု၊ ဟာဂျီဦးတင်မောင်ထွန်း မိသားစု၊ ဟာဂျီဦးစိုးဝင်း မိသားစုတို့က လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းစီကို ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပဲခူးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အရန် မီးသတ်တပ်ဖွဲ့တို့အား ဟာဂျီဦးကျော်သိန်းက လှူဒါန်းရာ ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်စိန်က လက်ခံယူကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မီးလောင်မှုမဖြစ်ပွားရေး တာဝန်ပေးအပ်

နောင်ချို ဧပြီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်း နွေရာသီ မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မတ် ၂၇ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော် ဦးဆောင်သည့် ဌာနဆိုင်ရာ ၁၅ဦးဖြင့် ဖွဲ့စည်း၍ တာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။ (၀၂၅)

သနပ်ပင်မြို့ ခေတ်သစ်လူငယ်များ စာကြည့်တိုက်ဖွင့်

သနပ်ပင် ဧပြီ ၅

သနပ်ပင်မြို့နယ် မင်းရွာဈေးပိုင်းတွင် ခေတ်သစ်လူငယ်များ စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖိုးတော်က စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အလှူရှင် ဦးမင်းမော် **(အောက်ပုံ)** က သုတရသစာအုပ်ပေါင်း ၅၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အားမာန်သစ် သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းဖွင့်

ဂန့်ဂေါ မတ် ၃၁

ဂန့်ဂေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ဦးဆောင်၍ အားမာန်သစ် မြို့တွင်း သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းဖွင့်ပွဲကို မတ် ၁၆ရက် နံနက် ၇နာရီ ၄၅မိနစ်က ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းမြင့်နှင့် ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးစိန်လှ(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (၀၇၁)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း လက်တွေ့ပို့ချ

တနင်္သာရီ ဧပြီ ၂

မြိတ်ခရိုင် တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက် ပညာသင်တန်း(၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု၊ ကျေးရွာပေါင်း ၁၀ရွာမှ စာကြည့်တိုက်မှူးနှင့် တွဲဖက်စာကြည့်တိုက်မှူးများ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးတင်နှင့် ဝန်ထမ်းများက ဘာသာရပ်အလိုက် လက်တွေ့ပို့ချကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း. .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း. .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း. .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း. .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း. .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

- နှစ်ဦးအခါ သည်အတာ ရှိးရာသင်္ကြန် ပျော်စရာ။
- ပျော်ရွှင်ရာမှာ မင်္ဂလာတရား မြန်မာ့ကျက်သရေ တင့်စေသား။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့။

မဟာသင်္ကြန်ပွဲတော် ပထမအကြတ်နေ့

တေးဂီတသံများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိ

ရန်ကုန် ဧပြီ ၁၄

ယနေ့သည် မဟာသင်္ကြန်ပထမအကြတ်နေ့ဖြစ်သည်။ ယခုနှစ်သင်္ကြန်သည် အကြတ်နေ့ နှစ်ရက်ထပ်သော နှစ်ဖြစ်သဖြင့် ရေသဘင်ပွဲဆင်နွှဲကြသူများအတွက် တစ်ရက်ပိုမိုရေကစားနိုင်ကြသည်။ ကုန်ဆုံးတော့မည့် နှစ်ဟောင်းအတွင်း ပင်ပန်း နွမ်းနယ်မှုတို့ကို အတာသင်္ကြန် ရေပက်ဖျန်းမှုဖြင့် လန်းဆန်းကြည်နူးမှုကိုရကြသည်ဖြစ်ရာ ကြီးကြီးငယ်ငယ် ရွယ်ရွယ်မဟူ ပြည်သူတို့သည် တစ်နေ့တခြား ပိုမိုများပြားစွာ ရေကစားကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ရေကစားကြရာတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးသင်္ကြန်မဏ္ဍပ်တွင် တေးသံရှင်များ၊ ရုပ်ရှင်နှင့် ကြော်ငြာသရုပ်ဆောင်များက မြူးကြွသောတေးသီချင်းများ သီဆိုဖျော်ဖြေကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးမိသားစုများက လန်းဆန်းပျော်ရွှင်စွာ ရေပက်ကစားကြရာ သင်္ကြန်ချစ်သူ ပြည်သူများက မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း ရေပက်ခံကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

ရေကစားသူများဖြင့် စည်ကား

ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ ရေကစားမဏ္ဍပ်များတွင် ရေကစားသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။ (သတင်းစဉ်)

- အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

- နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။